# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၅၉)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

ဟိုပုံး စက်တင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်သည်။

ဦးစွာ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြကာ ဆရာတော်၊ သံဃာတော်များအား

စာမျက်နှာ ၁၅ ကော်လံ ၁ ❖



# ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန် လူစီးအမြန်ရထားပြေးဆွဲလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၃

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ယာယီရပ်တန့်ထားရသည့် ရန်ကုန်-မန္တလေးပြေးဆွဲပေးနေသော အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် အမြန်ရထားခရီးစဉ်ကို လမ်းပိုင်းပြုပြင်ပြီးသည့် အခြေအနေအရ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန်ခရီးစဉ်အဖြစ် စက်တင်ဘာလ ၂၁ ရက်မှစ၍ စတင်ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု

စာမျက်နှာ ၁၅ ကော်လံ ၄ ●

**၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ**

စာ - ၅ သို့


ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ၆ ရက်သာ လိုတော့သည်။



MWD မီဒီယာစင်တာ

ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်)

# နိုင်ငံ၏ဝန်ကို တစ်စိတ်တစ်ပိုင်းတာဝန်ယူကြသူများ

ရာဂိမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို နေပြည်တော် မြို့တော်ခန်းမ၌ စက်တင်ဘာလ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ ဤသတင်းမှာလွန်စွာဝမ်းသာကြည်နူးဖွယ်ကောင်းသည့်သတင်းဖြစ်သည်။ ရေဘေးသင့်ပြည်သူများ၏အနာဂတ်လှပရေးအတွက် စေတနာရှင်ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်လှူဒါန်းခြင်းဖြစ်သည်။ လှူဒါန်းသည့်ငွေသားအနေဖြင့် အလှူငွေကျပ်သန်းပေါင်း ၃၂၃၀(ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ)ကျော်ဖြစ်သည့်အတွက် လှူဒါန်းမှုပမာဏကြီးမားလှသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် **“ဒီနေ့လှူဒါန်းတဲ့ဟာက နိုင်ငံရဲ့ဝန်တစ်ခုကို တစ်စိတ်တစ်ပိုင်းတာဝန်ယူပေးလိုက်တာလည်းဖြစ်ပါတယ်၊ ကျွန်တော်မှတ်ထားပါမယ်၊ ဒီဟာနဲ့ပတ်သက်ပြီးတော့မှတ်ထားပါမယ်၊ ကျွန်တော်တကယ်မျှော်လင့်တုန်းက သုံးလေးဘီလီယံလောက်ပဲမျှော်လင့်ပါတယ်၊ ထပ်လောင်းပြောရလို့ရှိရင် သဒ္ဓါတရားထက်သန်စွာနဲ့ ဒီနေ့ငွေတွေလာလှူပေးကြတဲ့ အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကို ထပ်လောင်းပြီးတော့ ကျေးဇူးတင်ကြောင်းထပ်လောင်းပြီးပြောပါရစေ၊ နောင်မှာလည်း တိုင်းပြည်ရဲ့လိုအပ်ချက်တွေရှိလာတဲ့အခါမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်”** ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ စည်းလုံးညီညွတ်မှုရှိနေသရွေ့ နိုင်ငံနှင့်လူမျိုးအပေါ်ကျရောက်မည့် မည်သည့်ဘေးအန္တရာယ်မဆို ကျော်လွှားနိုင်မည်ဖြစ်သည်။ ယခုအခါတွင် ရေဘေးသင့်ပြည်သူများ၏အနာဂတ်လှပရေးအတွက် စုပေါင်းအားနှင့်ကျော်လွှားကြရမည်ဖြစ်သည်။ လှူဒါန်းမှုမှာများပြားသည့်အတွက် ပြည်သူများအနေဖြင့်လည်း ဝမ်းသာကြည်နူးနေမည်သာဖြစ်သည်။ နိုင်ငံ၏ဝန်တစ်ခုကို စေတနာရှင်၊ အလှူရှင်များက တစ်စိတ်တစ်ပိုင်းတာဝန်ယူပေးလိုက်ခြင်းဖြစ်သည်။ သဒ္ဓါတရားထက်သန်စွာနှင့်ငွေများလာရောက်လှူပေးကြသူ အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအားလုံး၏စေတနာမှာ မွန်မြတ်လှသည်။

ယခုအချိန်သည် အားလုံးအတွက်အခက်အခဲများကိုယ်စီ ဖြစ်ပေါ်လျက်ရှိသည့်အချိန်ဖြစ်သော်လည်း အလှူငွေများ များစွာထည့်ဝင်ခဲ့ကြသည်။ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေသည်။ မြန်မာလူမျိုးများ၏လှူချင်၊ တန်းချင်သည့်စိတ်များကြောင့် စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းကြခြင်းဖြစ်သည်။ ရေဘေးသင့်ပြည်သူများမှာ ရေများရုတ်တရက်စီးဆင်းလာချိန်တွင် ရရာပစ္စည်းများကိုသာယူဆောင်လာရသဖြင့် အခက်အခဲများစွာ ရှိနေကြသူများဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး စေတနာရှင်အလှူရှင်များ၏လှူဒါန်းငွေများကိုလည်း ထည့်သွင်းအသုံးပြုမည်ဖြစ်သည်။

သဘာဝဘေးဒဏ်ဆိုသည်မှာဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင်မှုပြုရန်လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအပါအဝင် နိုင်ငံတော်အစိုးရမှတာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များဖြစ်ပေါ်ခဲ့သည့်နေရာများသို့သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ သို့သော်ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များဖော်ဆောင်ပေးခြင်းများကို ကြိုတင်ဆောင်ရွက်ထားသည့်အတွက် ထိခိုက်ပျက်စီးမှုနည်းပါးခဲ့သည်။

ယခုရေကြီးရေလျှံဖြစ်ပွားမှုမှာ နှစ်ပေါင်း ၅၀ အတွင်း မကြုံဖူးသောဖြစ်စဉ်တစ်ခုဖြစ်သည်။ ယခုဖြစ်ပေါ်ခဲ့သည့်ရေကြီးရေလျှံမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လေပြင်းတိုက်ခတ်မှုမရှိခဲ့ပေ။ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်မှုများကိုဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် အမှိုက်များကိုစည်းကမ်းမဲ့စွာစွန့်ပစ်ခြင်းကြောင့် ရေစီးရေလာများကိုထိခိုက်စေခဲ့ပြီး ရေကြီးရေလျှံမှုများကိုဖြစ်ပေါ်စေနိုင်သည်။ တစ်ဦးချင်းစီက စည်းကမ်းတကျရှိနေပါက ထိခိုက်ပျက်စီးမှုများနည်းနိုင်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဘေးဒဏ်သင့်ဒေသများရှိပြည်သူများမှာ အခက်အခဲများစွာကြုံတွေ့ရသည်။ သို့သော် မြန်မာနိုင်ငံသည် သဒ္ဓါတရားထက်သန်ကာ သူတစ်ပါးကိုအကူအညီပေးချင်သည့်စိတ်ထားရှိသူများနေထိုင်သည့်နိုင်ငံဖြစ်သည့်အတွက် လာရောက်ကူညီကယ်ဆယ်လှူဒါန်းမှုများပြားခဲ့သည်။ အစားအစာ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းနှင့် ငွေကြေးများလာရောက်လှူဒါန်းလျက်ရှိသည်ကို နေ့စဉ်တွေ့မြင်နေကြရသည်။ ဤကဲ့သို့ နိုင်ငံတော်ဝန်ကို ကိုယ်တတ်နိုင်သည့်ဘက်မှ ပါဝင်ထမ်းရွက်နေသော တာဝန်သိပြည်သူများကို ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင်နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသောအစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသောရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသောအစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင်နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သောအသား၊ ငါး စသည်တို့ကိုပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့်သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာရရှိရေး တွင်းဆေးတွင်းမှုတ်ဆောင်ရွက်နေမှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ၊ သုံးရေများဖူလုံမှုရရှိစေရန်ရည်ရွယ်၍ ကျေးရွာအတွင်းရှိ ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ် ဆောင်ရွက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် တိုင်ဖွန်းမုန်တိုင်းရာဂိဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် မအူပင်ကျေးရွာရှိ ရေတွင်းတွင်းတိမ်၊ တွင်းနက်များအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရေကန်များအတွင်း ကလိုရင်းဆေးမှုန့်ခတ်ခြင်း၊ ရေသန့်ဆေးများ ဖြန့်ဝေခြင်းများကို ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။

ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် တွင်းတိမ်၊ တွင်းနက် စက်ရေတွင်းများအတွင်း ရွှံ့ညွန်များ ဆယ်ယူခြင်း၊ အပေါ်ယံရေလွှာများ ဖယ်ထုတ်ခြင်းနှင့်တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းများကို ခရိုင်/မြို့နယ်များမှ ဦးစီးဌာန ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ဟိုင်းကြီးကျွန်း | ၁၁ | ဒသမ | ၀၂ | လက်မ |
| လပွတ္တာ | ၄ | ဒသမ | ၇၆ | လက်မ |
| တောင်တွင်းကြီး | ၄ | ဒသမ | ၄၉ | လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | ၃ | ဒသမ | ၄၃ | လက်မ |
| လှည်းကူး | ၃ | ဒသမ | ၄၃ | လက်မ |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CNG အရောင်းဆိုင်များ၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး CNG သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ သိရသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ခြေရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက မြေအနိမ့်ပိုင်းရှိ CNG အရောင်းဆိုင်များ၌ ရေဝင်ရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်မှုများစီစဉ်ဆောင်ရွက်ထားသကဲ့သို့ ရေဝင်ရောက်မှုမရှိနိုင်သော ကုန်းမြင့်ပိုင်းရှိ CNG အရောင်းဆိုင်များတွင်လည်း သဘာဝဘေးအန္တရာယ်တွေ့ကြုံလာပါက ပုံမှန်အတိုင်းရောင်းချပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

“အခုရက်ပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နေရာဒေသတချို့မှာ မိုးသည်းထန်စွာ ရွာသွန်းနိုင်ခြေရှိတယ်လို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကနေ ထုတ်ပြန်ထားတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး အနေနဲ့လည်း ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာပြီး မြေအနိမ့်ပိုင်းမှာရှိတဲ့ CNG အရောင်းဆိုင်တွေမှာ ရေဝင်ရောက်လာရင် ဝန်ထမ်းတွေ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ပစ္စည်းတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ဆောင်ရွက်ထားပါတယ်။ ဓာတ်တိုက်လေ့ကျင့်မှုတွေကိုလည်း ဆောင်ရွက်ထားပါတယ်။ ဒါ့ပြင် ရေမဝင်ရောက်နိုင်တဲ့ ကုန်းမြင့်ပိုင်းက CNG အရောင်းဆိုင်တွေမှာလည်း CNG အသုံးပြုနေတဲ့ မော်တော်ယာဉ်တွေကို ပုံမှန်ဖြန့်ဖြူးပေးနိုင်အောင် ကြိုတင်စီစဉ်ဆောင်ရွက်ထားပါတယ်” ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနမှ အထွေထွေမန်နေဂျာ ဦးကျော်သူရဝင်းကပြောသည်။

ထိုသို့ ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသကဲ့သို့ မော်တော်ယာဉ်များပေါ်တွင်ပါရှိသော CNG ဆလင်ဒါအိုးများ ပေါက်ကွဲမှုမရှိစေရန်၊ မီးလောင်ပျက်စီးမှုများ မဖြစ်ပွားစေရန်နှင့် CNG အရောင်းဆိုင်ဝင်းအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန် ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်ရှိပြီး လက်ရှိ အဆိုပါ အရောင်းဆိုင်အားလုံးတွင် CNG သုံး မော်တော်ယာဉ်များအား နေ့စဉ် နံနက် ၄ နာရီမှ ည ၁၁ နာရီအထိ ပိတ်ရက်မရှိ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# သာကေတမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးအား စုရပ်အလိုက်စတင်တိုက်ကျွေး

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး (Oral Cholera Vaccine–OCV) တိုက်ကျွေးခြင်းကို မြို့နယ်အတွင်း ရပ်ကွက်အလိုက် စုရပ်များခွဲ၍ တိုက်ကျွေးခြင်းဖြစ်ရာ စက်တင်ဘာလ ၂၂ ရက်က ၁ /အနော်မာရပ်ကွက် လမ်းသစ်(၂)လမ်းရှိ ရတနာသီရိဓမ္မာရုံ၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV) တိုက်ကျွေးရာ စုရပ်တစ်ခုဖြစ်သည့် ၁ / အနော်မာရပ်ကွက် လမ်းသစ် (၂) လမ်းရှိ ရတနာသီရိဓမ္မာရုံသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်စောကလျာခိုင်၊ သာကေတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ ) ဥက္ကဋ္ဌ ဦးသက်နိုင်ဝင်း၊ အဖွဲ့ဝင် ( ၂) ဦးညွှန့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး ညွှန့်ဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာယုနန္ဒာအောင်၊ သာကေတမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစုစုလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းပါဝင်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစုစုလွင်က ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းကို အသက်တစ်နှစ်အထက် ကလေးငယ်များအပါအဝင် နို့တိုက်မိခင်များကိုပါ တိုက်ကျွေးခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပရဟိတအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြသည်။

သာကေတမြို့နယ် ရပ်ကွက် ၁၉ ရပ်ကွက်ရှိ ကာကွယ်ဆေးတိုက်ကျွေးစုရပ်များတွင် ရည်မှန်းအုပ်စုလူဦးရေ ၇၉၄၄၈ ဦးအား စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ ကာကွယ်ဆေး တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)

# မင်းကင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၂၃၅၅ ဧက စိုက်ပျိုးပြီးစီး

မင်းကင်း စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၂၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မင်းကင်းမြို့နယ်၌ ဟင်းသီးဟင်းရွက် ၃၀၂၈ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၂၃၅၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီ၊ မုန်လာထုပ်စတဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ ဒါ့ပြင် ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။

မင်းကင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP စနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်စေရန် နည်းပညာပေးခြင်းတို့အပြင် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်၌ နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

## သောက်ရေတစ်ပေါက်

နောက်တစ်ရေတွင်လည်း ယခင်ရေက အိုင်မြှုပ်ကျောက်ကပ်ခဲ့ကြသော ဘုန်းကြီးတင်ပါးရေနက်အိုင်သို့ပဲ ကျွန်တော်တို့ ရောက်လာခဲ့ကြပေပြီ။

ကျွန်တော်တို့သည် အတက်ရေနဲ့ရော အတိုင်ရေနဲ့ပါ ပိုက်ကိုအိုင်မြှုပ်ပြီး ကျောက်ကပ်လိုက်ကြရာ ယခင်ရေလောက် ငါးမတွေ့တော့ပေ။ နေ့လယ်ရေတက်နဲ့ ပိုက်ကိုအိုင်မြှုပ် ကျောက်ကပ်ထားစဉ် နံနက်စာထမင်းစားလိုက်ကြသည်။ ကျွန်တော်တို့မှာ ရွာမှထွက်ခွာလာစဉ်ကတည်းက လှေပေါ်တွင် ထမင်း၊ ဟင်းချက်စားဖို့ မီးဖို၊ အိုးခွက်၊ ပန်းကန်တွေ၊ သောက်ရေနှင့် ထမင်း၊ ဟင်းချက်ရန်ရေတို့ကို အသင့်ယူလာလေ့ရှိတတ်ကြ၏။ သို့သော် ပင်လယ်ပြင်ထဲ ပိုက်ထွက်ခရီးမည်မျှပင်ကြာသည်ဖြစ်စေ ရေမချိုးကြရပေ။ ချိုးရေလည်းပါမလာပေ။ ဒီအတိုင်းပေခံကြရသည်။ ရေသေပိုက်ချခြင်းမှာ နွေခေါင်ခေါင်ဖြစ်၍ ပိုဆိုးသည်။ ခန္ဓာကိုယ်တွင် ဆားငန်ရည်ကြောင့် အဖြူစင်းများ ထင်နေတတ်၏။ ကျွန်တော့်မှာ ဘဝပေးအတွေ့အကြုံအရ ရေတံငါများနည်းတူ ခံနိုင်ရည်ရှိလာခဲ့ပေပြီ။ (ယင်းခေတ် ယင်းအချိန်အခါက တစ်နေရာမှ တစ်နေရာသို့သွားလျှင် လမ်းတွင် ရေဆာလျှင်ရေသောက်ဖို့အတွက် မြေရေအိုးကလေးများကိုသာ ယူဆောင်သွားလေ့ရှိတတ်ကြသည်။ ယခုခေတ်လို ပလတ်စတစ်ပစ္စည်း၊ ပလတ်စတစ်ပုံးဟူ၍လည်း မပေါ်သေးချေ။)

ဒီကနေ့ ငါးလည်း အရကျဲလာပြီဖြစ်သည်။ အိုင်ဝပ်ငါးများသည် အိုင်ကို အမွှေခံရသည်၊ အလှုပ်ခံရသည်ဟုဆိုလျှင် အန္တရာယ်တစ်ခုခုရှိလာပြီဟု သိသွားပုံရသည်။ ပိုက်တွင် မတိုးကြတော့ပါ။ ကျွန်တော်တို့လည်း ဒီတစ်ချီ ပိုက်ဖော်ပြီးလျှင် ရွာပြန်ကြရန် ဆုံးဖြတ်ထားကြသည်။

ကျွန်တော်တို့ နေ့လယ်ပိုက်နားချိန်တွင် နံနက်စာထမင်းစားလိုက်ကြသည်။ ကျွန်တော့်မှာ ထုံးစံအတိုင်း အဖေ့ကို စားဦးစားဖျားထည့်ပေးပြီး ကိုယ်ကနောက်ကျမှ စားလေ့ရှိသည်။ ကျွန်တော် ထမင်းစားပြီးချိန်တွင် အဖေနှင့် ကိုစံထွားမှာ ထမင်းစားပြီး ကိုယ့်နေရာလေးနဲ့ကိုယ်ထိုင်ပြီး ပိုက်အခြေအနေကို စောင့်ကြည့်နေကြသည်။ ကျွန်တော်သည် ထမင်းစားပြီး လှေဦးချောင်ထဲက မြေသောက်ရေအိုးကို ရေသောက်ရန် လက်နှစ်ဖက်ဖြင့် မ ယူလိုက်သည်။

"ဗွမ်း"

ကျွန်တော့်လက်တစ်ဖက် ခတ်တက်စင်နဲ့ထိမိသွားပြီး ဟန်ချက်ပျက်ကာ မြေရေအိုးကျကွဲခဲ့လေပြီ။ ကျွန်တော့်မှာ ထမင်းစားပြီး ရေတစ်စက်မျှပင် မသောက်လိုက်ရပါ။ ကျွန်တော်ရေအိုးကွဲများကို ကောက်ယူပြီး မြစ်ပြင်ကျယ်ထဲ ပစ်ချလိုက်သည်။ ကျွန်တော့်မှာ ထမင်းစားပြီး ရေမသောက်လိုက်ရသည့်အဖြစ်ကို အဖေမြင်တွေ့ပြီး ရင်ထဲမကောင်းဖြစ်သွားပုံရသည်။ အဖေ ကျွန်တော့်ကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်ကို မြင်တွေ့လိုက်ရသည်။

"သုံးရေအိုးထဲမှာရော ရေမရှိတော့ဘူးလား"

"ဟုတ်ကဲ့အဖေ ဒီနေ့ ရွာပြန်မယ်ဆိုတော့ အကုန်လုံးပဲ ထမင်းဟင်းချက်ပစ်လိုက်တာ အကုန်လုံးကုန်သွားပြီ၊ စဥ့်အိုးထဲမှာ နည်းနည်းလေးပဲရှိတော့မယ်"

အဖေ သက်ပြင်းချလိုက်ပြန်သည်။

"ရတယ် အဖေ၊ ညနေ ပိုက်ဖော်ပြီး ရွာပြန်မယ့်ဟာပဲ ရွာရောက်မှပဲသောက်တော့မယ်"

"မဟုတ်ဘူးနော်သား နွေနေ့လယ်ခင်းကြီးလေ၊ နေရတာကလည်း နေပူကြီးထဲမှာ သားရေအရမ်းဆာနေမှာပေါ့"

"ရတယ်အဖေ"

ကျွန်တော်တို့ ရေတက်အတိုင်ရေတွင် ပိုက်တစ်ချီဖော်လိုက်ကြပြန်သည်။ ရေအောက်က ငါးမြည်သံတွေ ဆိတ်သွားခဲ့သလို ပိုက်ကိုဆွဲဖော်ပြီးချိန်တွင် ငါးတစ်ကောင်တလေမျှပင် မပါလာတော့ချေ။ နေပူပြင်းနေပေလို့လားမသိ။ ကျွန်တော့်မှာ အာခေါင်တွေခြောက်ကပ်ပြီး ရေအရမ်းဆာလာသည်။ ရေတောင်းသောက်ဖို့ရာအတွက် မိမိပတ်ဝန်းကျင်မှာလည်း သွားလာနေကြသည့်လှေတစ်စင်းတလေမျှပင်မမြင်ရ။

"အဖေ သားရေအရမ်းဆာလာပြီ၊ အာခေါင်တွေခြောက်နေပြီ ဘယ်လိုမှနေလို့အဆင်မပြေတော့ဘူး"

ကျွန်တော့်စကားကြောင့် အဖေ ထိတ်ထိတ်ပျာပျာဖြစ်သွားဟန်ရှိသည်။ ပဲ့စင်ပေါ်မတ်တတ်ရပ်ပြီး မြစ်ပြင်ကျယ်ကမ်းခြေဘက်တွေဆီ လှမ်းကြည့်လိုက်၏။ ပတ်ဝန်းကျင်တစ်ခွင်တွင် လူနေရွာဟူ၍ လုံးဝမရှိချေ။ မြစ်ပြင်အဝှမ်း ဟိုနေရာဒီနေရာမြူခိုးဝေဝေ၊ တောင်ခြေဆိုင်းဆိုင်း၊ တောရိုင်းမာယာများကိုသာ တွေ့နေမြင်နေရသည်။

"သားရေ အဖေတစ်ခုတွေးမိတယ်၊ ဒီနားကကမ်းခြေမှာ နှာမောင်းကျတောတန်းရှိတယ်၊ အဲဒီမှာ သင်းပေါင်းချောင်းရွာက လယ်သမားတွေ နွေရာသီဆို ကျွဲတွေ၊ နွားတွေ လွှတ်ကျောင်းလေ့ရှိတယ်။ ရေလည်း

"ကျွန်တော်တို့ ရေတက်အတိုင်ရေတွင် ပိုက်တစ်ချီဖော်လိုက်ကြပြန်သည်။ ရေအောက်က ငါးမြည်သံတွေ ဆိတ်သွားခဲ့သလို ပိုက်ကိုဆွဲဖော်ပြီးချိန်တွင် ငါးတစ်ကောင်တလေမျှပင် မပါလာတော့ချေ။ နေပူပြင်းနေပေလို့လားမသိ။ ကျွန်တော့်မှာ အာခေါင်တွေခြောက်ကပ်ပြီး ရေအရမ်းဆာလာသည်။ ရေတောင်းသောက်ဖို့ရာအတွက် မိမိပတ်ဝန်းကျင်မှာလည်း သွားလာနေကြသည့် လှေတစ်စင်းတလေမျှပင်မမြင်ရ. . ."

ရှိတယ်လို့ ပြောသံကြားဖူးတယ်"

"ဟုတ်လားအဖေ အဲဒီလိုဆို အဆင်ပြေတာပေါ့၊ ရေချိုရရင်ပြီးပြီ"

"ဟုတ်ပြီသား၊ အဲဒီလိုဆို အဲဒီနှာမောင်းကျတောင်ခြေ သွားကြရအောင်"

"ဟုတ်ကဲ့ အဖေ"

"လာ သား လာ ဒီက အဖေ့နေရာလာပြီး ပဲ့ကိုင်ပေးလှည့်၊ သားနေရာအဖေလာပြီး တက်ခတ်ပေးမယ် သားပင်ပန်းနေပြီ"

"ရတယ်အဖေ သားခတ်တက်ခတ်နိုင်ပါတယ်။ အဖေပဲ ပဲ့ကိုင်ပေးပါ"

ကျွန်တော်တို့ မြစ်လယ်ရှိ ဘုန်းကြီးတင်ပါးရေနက်အိုင်မှ လှော်ခတ်လာကြရာ ညနေ ၃ နာရီဝန်းကျင်တွင် နှာမောင်းကျကျွန်းသို့ ရောက်ရှိခဲ့ကြသည်။ ကျွန်တော်တို့မှာ နေပူကြီးထဲ အားသွန်ခွန်စိုက်တက်ခတ်ပြီး လာခဲ့ကြရသဖြင့် တစ်ကိုယ်လုံးချွေးများဖြင့် ရွှဲရွှဲစိုခဲ့ကြပေပြီ။ ပုဆိုး၊ အင်္ကျီတွေလည်း ချွေးများစိုဖတ်ဖတ်ဖြစ်ခဲ့ကြလေပြီ။ ကမ်းခြေသို့ရောက်သည်ဆိုလျှင်ပဲ ကျွန်တော်သည် လှေဦးကကမ်းခြေသို့ ခပ်သွက်သွက်ဆင်းလိုက်ပြီး လှေကိုကြိုးချည်ထားလိုက်သည်။

"လာ လာ အစ်ကိုစံထွား လာ ကျွန်တော်နဲ့ ရေရှာသွားကြရအောင်"

ကိုစံထွားသည် လှေပေါ်က ခုန်ဆင်းပြီး ကျွန်တော်နဲ့အတူ ခပ်ပြေပြေ တောင်ခြေလမ်းအတိုင်း တောတိုးပြီး လှမ်းလာကြသည်။ နာရီဝက်ခန့်လျှောက်မိချိန်တွင် တောင်ခြေအဆင်း ကွင်းပြန့်ပြန့်တွင် ကောက်ရိုးနွယ်ရိုးပြတ်ငုတ်တိုနှင့် မြက်ခင်းလိုဟာမျိုးတစ်ခုကိုတွေ့သည်။ မြက်ခင်းအစပ်မှာတော့ ရေအိုင်တစ်အိုင်ကို လှမ်းမြင်လိုက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ဘိုကလေး- မော်လမြိုင်ကျွန်းကားလမ်းဘေးရှိ မိုင်တိုင်အမှတ် (၀/၇) မှ (၀/၈)အနီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဘိုကလေး စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ စက်တင်ဘာလ ၂၂ ရက်က ဘိုကလေး-မော်လမြိုင်ကျွန်း ကားလမ်းဘေးရှိ မိုင်တိုင်အမှတ် (၀/၇) မှ (၀/၈) အနီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်ဖြိုးနှင့်ဝန်ထမ်းများ၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ဘိုကလေးမြို့နယ် သပြုကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံများတက်ရောက်ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်



ရောက်လာကြသူများက မဟော်ဂနီအပင် ၁၅၀၊ မာလာလူးကားအပင် ၁၀၀၊ မန်ဂျန်ရှား ၂၅ ပင်နှင့် စိန်ပန်း ၂၅ ပင် စုစုပေါင်းပျိုးပင် ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

---

## တံတားဦးမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမျိုးစုံ ၄၅၆၉၄ ဧက စိုက်ပျိုးပြီးစီး

တံတားဦး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမျိုးစုံ ၄၅၆၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တံတားဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၁၅၇၁ ဧက၊ နှမ်း ၄၁၁၇၆ ဧကနှင့် နေကြာ ၂၉၄၇ ဧက စုစုပေါင်း ၄၅၆၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"တံတားဦးမြို့နယ်မှာ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံမျိုးစုံကို ဇွန်လကနေ စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုများ စနစ်တကျမှန်ကန်စွာထည့်သွင်းရေး၊ ရေသွင်းရေထုတ်မှန်ကန်ရေးနဲ့ ပေါင်းမြက်ကင်းရှင်းရေး စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို နယ်မြေအလိုက် စိုက်ပျိုးရေးတာဝန်ခံဝန်ထမ်းတွေက ကွင်းဆင်းဆောင်ရွက်ပေးကြပါတယ်" ဟု တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းကပြောသည်။

တံတားဦးမြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးများရရှိရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး(၁)စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” သည် ယခုအသက် ၂ နှစ်၊ ၂ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၈ လက်မ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၃၄ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training ”ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ကိုယ်တိုင်လည်းအဖြစ်မရှိ၊ ကူညီသူသာ ဝေဖန်ပြစ်တင်လျက် ပြည်ဖျက် PDF ”**ခေါင်းစဉ်ဖြင့် ၂၅-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကြည့်ရှုအားပေး

စစ်တွေ စက်တင်ဘာ ၂၃

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်နှင့်စားသောက်ဖွယ်ရာများ၊ ဆေးဝါးများကို အငြိမ်းစားဝန်ထမ်းများအားထောက်ပံ့ပေးအပ်ကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းကို စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခိုင်သဇင်ခန်းမတို့တွင် အခါအားလျော်စွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

(မိုး/ဇလ)

# အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ကျင်းပသည့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး




နေပြည်တော် စက်တင်ဘာ ၂၃

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ (၅၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပသော အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား ပြုလုပ်သည့် စီးပွားရေးဝန်ကြီးများအစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အကြိမ် (၂၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အာဆီယံ-အီးယူစီးပွားရေးကောင်စီက တင်ပြသည့် ဆောင်ရွက်မှုများနှင့် အကြံပြုချက်များ၊ အာဆီယံနှင့် အီးယူတို့အကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် အာဆီယံ-အီးယူ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် (၂၀၂၄-၂၀၂၅) အကောင်အထည်ဖော်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၁၃)ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အာဆီယံ-ရုရှားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံကိုအကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ ၏ ဆောင်ရွက်မှုများနှင့် အာဆီယံနှင့်ယူရေးရှားစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများနှင့်အတူ တတိယအကြိမ်မြောက် အာဆီယံ-ဆွစ်ဇာလန် စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ-ဥရောပလွတ်လပ်သောကုန်သွယ်မှုအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကိုအတည်ပြုခဲ့ပြီး အာဆီယံ-ဆွစ်ဇာလန် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၂-၂၀၂၆ အစီအစဉ် အကောင်အထည်ဖော်မှုများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၄)ကြိမ်မြောက် အာဆီယံ-ယူကေစီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံနှင့် ဗြိတိန်နိုင်ငံတို့အကြား ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့ပြီး အာဆီယံ-ဗြိတိန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ အကောင်အထည်ဖော်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၈) ကြိမ်မြောက်အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍အခြားစီးပွားရေးဝန်ကြီးများနှင့်အတူ အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ်နှင့် အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအရ ပံ့ပိုးပေးလျက်ရှိသည့် စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ အာဆီယံနှင့် အမေရိကန်စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်အစီအစဉ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးချဲ့အစီအစဉ် ၂၀၂၃-၂၀၂၄ ၏အကောင်အထည်ဖော်မှုများအပေါ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင်အစီအစဉ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့အစီအစဉ် ၂၀၂၄ -၂၀၂၅ ကိုအတည်ပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၁၃) ကြိမ်မြောက်အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ကနေဒါ - အာဆီယံ စီးပွားရေးကောင်စီက တင်ပြသည့် အာဆီယံနှင့်ကနေဒါအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရန် အာဆီယံနိုင်ငံများသို့ စီးပွားရေးအဖွဲ့များသွားရောက်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ-ကနေဒါ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ညှိနှိုင်းမှုများအတွက် နည်းပညာပံ့ပိုးမှုအစီအစဉ်များနှင့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းမှု အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၂၁) ကြိမ်မြောက် အာဆီယံ-အိန္ဒိယစီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီက တင်ပြမည့်ကိစ္စရပ်များနှင့် အကြံပြုချက်များ၊ အာဆီယံ- အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ပြန်လည်သုံးသပ်မည့်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အာဆီယံ-ဩစတြေးလျစီးပွားရေးကောင်စီနှင့် အာဆီယံ-နယူးဇီလန် စီးပွားရေးကောင်စီတို့၏ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီးပွားရေးအမြင်များကို မှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် ဝန်ကြီးများက အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယ အခြေပြစာချုပ် အသက်ဝင်ရေးဆောင်ရွက်မှုများ၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသအကောင်အထည်ဖော်ခြင်းဆိုင်ရာ အထောက်အကူပြုအစီအစဉ် အကောင်အထည်ဖော်မှုနှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်ပေါင်းစည်းရေးဖိုရမ် ၂၀၂၄ ၏ ရလဒ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ အကြိမ် (၃၀)မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် အကောင်အထည်ဖော်မှုများ၊ အာဆီယံ-ဂျပန် တီထွင်ဆန်းသစ်မှုနှင့် ရေရှည်တည်တံ့သောစီးပွားရေးမိတ်ဖက်ထူထောင်ရေးဆိုင်ရာ အနာဂတ်လုပ်ငန်းအစီအစဉ်၂၀၂၃-၂၀၃၃ အကောင်အထည်ဖော်မှုများနှင့် ဂျပန်နိုင်ငံ၏ အာဆီယံဆိုင်ရာ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တင်ပြသည့် အကြံပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၂) ကြိမ်မြောက် အရှေ့အာရှစီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများ၏ အကျိုးသက်ရောက်မှုများကိုလျော့ပါးစေရန် အရှေ့အာရှအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများနှင့်အတူ (၂၃)ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်၍အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ခြင်း ညှိနှိုင်းမှု၊ အာဆီယံ-တရုတ်ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် အာဆီယံ-တရုတ် အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကနဦးအကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၂၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ-ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအရ အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ (၂၇)ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုရီးယား) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အရှေ့အာရှစီးပွားရေးကောင်စီမှ တင်ပြသည့်ကိစ္စရပ်များနှင့် အကြံပြုချက်များ၊ အာဆီယံအပေါင်းသုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်၂၀၂၃-၂၀၂၄ အကောင်အထည်ဖော်မှုနှင့် အာဆီယံအပေါင်းသုံး နိုင်ငံများရှိ စက်မှုနှင့်ထုတ်လုပ်မှုကွင်းဆက်ပူးပေါင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခဲ့ပြီး အာဆီယံအပေါင်းသုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ အတည်ပြုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တတိယအကြိမ်ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ဝန်ကြီးများအစည်းအဝေးသို့တက်ရောက်၍ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများကို ဖလှယ်ဆွေးနွေးခဲ့ပြီး ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အထောက်အကူပြုယူနစ်ကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတွင် ဖွဲ့စည်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် လာအိုနိုင်ငံ စက်မှုနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှစီးပွားရေးဝန်ကြီးများ၊ ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင် (တရုတ်)၊ ကနေဒါ၊ ရုရှား၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်တို့မှ စီးပွားရေးဝန်ကြီးများ၊ အီးယူကုန်သွယ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ စီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၁၉ ရက်တွင် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Vladimir Ilichev နှင့်လည်းကောင်း၊ စက်တင်ဘာလ ၂၁ ရက်တွင် အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Piyush Goyal နှင့် လည်းကောင်းတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိကြကြောင်းသိရသည်။

(၅၀၀)

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ စောင်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၅၈၅ စု၊ လူဦးရေ ၅၀၀၀ ခန့်ရှိ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာသို့ သွားရောက်ပြီး ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးခဲ့မှု၊ ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးမေးမြန်းပြီး ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်နေမှု၊ ရေကောင်းရေသန့်များရရှိရေး ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ငွေကျပ် ၁၅၃၈၂၇၀၀ တန်ဖိုးရှိ ဆန်၊ စောင်၊ အဝတ်အထည်၊ ဖိနပ်၊ ရေသန့်ဆေးပြား၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများစသည်တို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာအတွင်း၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(ပြ၀၀)

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များမှ အလှူငွေများလှူဒါန်း




နေပြည်တော် စက်တင်ဘာ ၂၃

တောင်တရုတ်ပင်လယ်တွင်ဖြစ်ပွားခဲ့သော ရာဂိမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ငွေကျပ် ၄၅ သိန်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝန်ထမ်းမိသားစုမှ ငွေကျပ် သိန်း ၂၀၊ ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှငွေကျပ် ၂၀၁ သိန်း၊ ဦးအောင်သိုက် Managing Director, Myanmar New Power Investment Group Co.,Ltd. မှ ငွေကျပ် သိန်း ၁၀၀၊ Myanmar Development Strategic Research Organization မှငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ် ၄၆၆၀၀၀၀၀ နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာသွန်းက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ မုန့်ပုံးငါးပုံး ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# "စိတ်ချင်းယှက်နွယ်ယူနန်အစီအစဉ်"ဖြင့် သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်အစုံ ၄၀ လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၃

"စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်" ဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင်အစုံ ၄၀ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်ရှိ Yunnan Energy Investment သာကေတ ဓာတ်အားပေးစက်ရုံ ရုံးခန်း၌ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ယူနန်ပြည်နယ် ပြည်သူအစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာလျိုးယုံ၊ မြန်မာနိုင်ငံဆိုင်ရာ ယူနန်ပြည်နယ် စီးပွားရေးရာကိုယ်စားလှယ် မစ္စတာကောင်းဝေ၊ ယူနန်ပြည်နယ်စွမ်းအင်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာချန်ကျယ်၊ ယူနန်ပြည်နယ် စီးပွားရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဟောင်ရီဆန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ယူနန်ပြည်နယ် စီးပွားရေးရာကိုယ်စားလှယ် မစ္စတာကောင်းဝေက သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်ရှိလမ်းများတွင်တပ်ဆင်အသုံးပြုနေပြီးဖြစ်သည့် ၉ မီတာအရှည်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်အစုံ ၄၀ နှင့်သက်ဆိုင်သည့်မှတ်တမ်းလွှာအား ပေးအပ်လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်)နှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ် ပြည်သူအစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ယူနန်ပြည်နယ် စီးပွားရေးရာကိုယ်စားလှယ်တို့နှင့် တာဝန်ရှိသူများက "စိတ်ချင်းယှက်နွယ်ယူနန်အစီအစဉ်" ဖြင့် သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်အစုံ ၄၀ လွှဲပြောင်းပေးအပ်ပွဲဆိုင်းဘုတ်အား ဖွင့်လှစ်ပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

"စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်" စီမံကိန်း ၂၄ ခု မြန်မာနိုင်ငံတွင်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ထိုအထဲ၌ ရန်ကုန်မြို့ဆိုလာလမ်းမီးတိုင်စီမံကိန်းတစ်ခုပါဝင်ရာ ယနေ့တွင် "စိတ်ချင်းယှက်နွယ်ယူနန်အစီအစဉ်" စီမံကိန်းဖြင့် သာကေတမြို့နယ်အတွင်း ဆိုလာလမ်းမီးတိုင် အစုံ ၄၀ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပြည်သူများ ညဘက်သွားလာရေး လုံခြုံမှုအဆင်ပြေမှုအပြင် အစိုးရမီတာခများ သက်သာပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုနက်ရှိုင်းတိုးတက်စေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် ၁၄ ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲဖြစ်သည့် ဗိုလ်တထောင်ခရိုင် ဘောလုံးအသင်းနှင့် ဒဂုံမြို့သစ်ခရိုင် ဘောလုံးအသင်းများ၏ ယှဉ်ပြိုင်နေမှုများကိုကြည့်ရှုအားပေးခဲ့သည်။ ဗိုလ်လုပွဲတွင် ဗိုလ်တထောင်ခရိုင်အသင်းက ဒဂုံမြို့သစ်ခရိုင်အသင်းကို ၆ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးရရှိကြသည့်အားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ တတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်းကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ဆုတံဆိပ်နှင့်ငွေသားဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဒဂုံမြို့သစ်ခရိုင်အသင်းအား ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆုတံဆိပ်နှင့်ငွေသားဆုငွေကျပ် ၂၅ သိန်းအားလည်းကောင်း၊ ပထမဆုရရှိသည့် ဗိုလ်တထောင်ခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်သိန်း ၅၀ အားလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လင်းခန့်

# လေဖြတ်ခြင်းကိုကာကွယ်နိုင်သည့်ရေနွေးကြမ်း

ကြည်လွင်မြင့်(မှဒြာ)

ရေနွေးကြမ်းကို ကျွန်တော်တို့ ငယ်စဉ်ကတည်းက သောက်ခဲ့ကြသည်။ နေရာတိုင်း၊ အိမ်တိုင်းတွင် ရေနွေးကြမ်းဝိုင်းရှိခဲ့သည်။ ဧည့်သည်လာလျှင် ရေနွေးကြမ်းအရင်ချသည်။ ရေနွေးကြမ်းကို မြန်မာတို့ ဘာကြောင့်သောက်ခဲ့ရသနည်း။ ကျန်းမာရေးအတွက်လား။ အဆီကျ၍လား။ အစာအိမ်နှင့်အူလမ်းကြောင်း ကောင်းစေ၍လား။ ကင်ဆာကို ကာကွယ်၍လား။ အမှန်အတိုင်းဖြေရလျှင် မဟုတ်ပါ။ သောက်ကောင်း၍ သောက်ခဲ့ခြင်းသာဖြစ်ပါသည်။

စာရေးသူသည် ဧည့်ခံပွဲတစ်ခုသို့ မိတ်ဆွေတစ်ဦးခေါ်၍ သွားခဲ့သည်။ ရန်ကုန်မြို့လယ်က ဟိုတယ်ကြီးတစ်ခုတွင်ဖြစ်သည်။ အစားအသောက်များ စုံလှသည်။ အချိုရည်ကလည်းအစုံ သို့သော် ထမင်းစားပြီးနောက် သောက်နေကျရေနွေးကြမ်းကို တမ်းတမိသည်။ အနားတွင်ရပ်နေသော ခေတ်မီစွာ အနောက်တိုင်းစတိုင်အပြည့်ဝတ်ထားသူကို ရေနွေးကြမ်းရနိုင်မလားဟု မေးကြည့်မိပါသည်။

သူက "ရနိုင်ပါတယ်"ဟု ပြောသည်။ ဒါပေမဲ့ "ရေနွေးကြမ်းမှာလို့တော့မရဘူး" ဟုပြောသည်။

ဘယ်လိုပါလိမ့်ဟု ထင်နေစဉ်မှာပင် သူက waiter ကိုလှမ်းခေါ်လိုက်သည်။ အနောက်တိုင်းဝတ်စုံကို သူ့ထက်ပင် သပ်ရပ်စွာဝတ်ဆင်ထားသော waiter လူငယ်တစ်ဦးရောက်လာသည်။

"ဂရင်းတီး..ပလိစ်"ဟု သူကပြောလိုက်သည်။

waiter က ကိုယ်ကိုကိုင်း၊ ခေါင်းကိုညိတ်ပြီး ပြန်ထွက်သွားပါသည်။ မကြာမီ ကြွေကရားဖြူဖြူကလေးနှင့် အိုးတစ်အိုးရောက်လာသည်။

"ဒါရေနွေးကြမ်းလား" ဟုမေးရာ

"ဟုတ်တယ်"

သူကအနည်းငယ်ငဲ့ပြီးအနံ့ခံပြီးနောက် Jasmine Tea ဟုပြောသည်။ Jasmine Tea ဆိုသည်မှာ စံပယ်ပွင့်ရနံ့ပါသော လက်ဖက်ခြောက်ဖြစ်သည်။ တကယ်စံပယ်ပွင့်ပါ၊ မပါတော့မသိပါ။ ထိုနေ့က သောက်ရသော ရေနွေးကြမ်းကို ယနေ့အထိ မမေ့သေးပါ။ သို့သော် ယခုစာရေးနေချိန် စာရေးသူ၏ စားပွဲပေါ်မှ ရေနွေးကြမ်းနှင့်တော့မလဲနိုင်ပါ။ ကျောက်မဲလက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းအနီဖျော့ဖျော့ဖြစ်ပါသည်။ ရေနွေးကြမ်းကို Jasmine Tea ဟုခေါ်ရခြင်းကို စာရေးသူမနှစ်မြို့ပါ။ ပေါင်ဒါနံ့လိုလို၊ စံပယ်နံ့လိုလိုပါသော Jasmine Tea ကိုလည်းမကြိုက်ပါ။ လျှာတွင်အရသာတွေ့သည်မှာ လူမှန်းစသိကတည်းက အဘိုး၊ အဘတို့နှင့်သောက်ခဲ့သော အခါးရည်ဟုလည်းကောင်း၊ အဖန်ရည်ဟုလည်းကောင်း ခေါ်ကြသည့်ရေနွေးကြမ်းကိုသာကြိုက်ပါသည်။

တကယ်တော့ ထမင်းစားပြီးလျှင် သို့မဟုတ် အစာများများစားပြီးလျှင် အချိုရည်သောက်သူနှင့် ရေနွေးကြမ်းသောက်သူတို့မှာ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် အစာအိမ်သက်တမ်းရှည်မှုမတူညီကြပါ။

တိုင်းရင်းဆေးပညာရှုထောင့်တွင်ဖြစ်စေ၊ အာယုဗေဒဆေးပညာတွင်ဖြစ်စေ အစာစားပြီးလျှင် အစာကြေရန် ဝမ်းမီးလိုသည်။ ဝမ်းမီးကို ဒေသနာနယဆေးပညာတွင် ပါစကတေဇောဟုလည်းခေါ်သည်။ ဝမ်းမီးမှာ ဝမ်းထဲမှမီးဖြစ်သည်။ ရေအေးနှင့်လောင်းလျှင် မီးငြိမ်းသွားမည်ဖြစ်သည်။

ပါစကတေဇောသည် အစာကိုလောင်မြိုက်ပြီးကြေကျက်အောင်ချက်ပြီးသော တေဇောဖြစ်၍ ပူသောတေဇော(ဥဏှတေဇော)ဖြစ်ပြန်သည်။ ပူသောတေဇော၏ ဆန့်ကျင်ဘက်မှာ အေးသောတေဇော(သီတတေဇော)ဖြစ်သည်။ အေးသောရေ၊ ရေခဲရေ၊ အချိုရည်တို့မှာ အေးသောအရသာရှိသဖြင့် သီတအစာဖြစ်သည်။ အစာကြေစေသော အပူဆန့်ကျင်ဘက်လောင်းထည့်လိုက်လျှင် အစာမကြေနိုင်တော့ပါ။ အစာမကြေသည့်အပြင် ပါစကတေဇောပျက်မည်ဖြစ်သည်။ ပူလိုက်၊ အေးလိုက်ဖြစ်ဖန်များလျှင် အစာအိမ်ပျက်စီးတတ်သည်။ အစာအိမ်ပျက်စီးလျှင် ရောဂါတစ်ခုခုရမည်မှာသေချာသည်။

အစာမကြေရောဂါ၊ အစာအိမ်ရောင်ရောဂါ၊ အချဉ်ပြန်ရောဂါ၊ အစာအိမ်အချဉ်ပေါက်ရောဂါ၊ အစာအိမ်အနာပေါက်ခြင်း၊ အစာအိမ်ကင်ဆာ စသောရောဂါများဖြစ်နိုင်သည်။

ရိုးရာဆေးပညာ၊ အာယုဗေဒဆေးပညာအဆိုအရ ရောဂါမှန်သမျှသည် အစာမကြေခြင်းမှစသည်ဟုဆိုသည်။ အနောက်တိုင်းဆေးပညာများတွင် မကြာသေးမီက ဖတ်လိုက်ရသည်မှာ အစာစားပြီး အချိုရည်နှင့် သံဘူးများ၊ ဂက်စ်ပါသော အချိုရည်သောက်သုံးလေ့ရှိသူများမှာ စားထားသမျှထဲမှ အဆီဖတ်များကို အေးပြီး ခဲအောင်ပြုလုပ်လိုက်သဖြင့် ချေဖျက်ရန်ခက်ခဲပြီး ဆီးချိုရောဂါဖြစ်ရန် လမ်းစဖြစ်လာနိုင်သည်။ ထို့ပြင် ထိုအဆီဖတ်များကို အာဟာရအဖြစ် အူသိမ်မှစုပ်ယူရာမှ သွေးကြောများအတွင်းရောက်ရှိပြီး သွေးတွင်းအဆီထုတက်လာလေသည်။

သွေးတွင်းအဆီထုတက်လာသူများမှာ သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါများ ခံစားရလေ့ရှိပြီး အခန့်မသင့်သောတစ်နေ့တွင် အဆီခဲပြုတ်ထွက်မျောပါသွားပြီး ဦးနှောက်အတွင်းသို့ ရောက်ရှိကာ ရုတ်တရက် မူးပြီးလဲကျခြင်း၊ ဦးနှောက်အတွင်း သွေးခဲပိတ်၍ ကိုယ်တစ်ခြမ်းမလှုပ်ရှားနိုင်ခြင်း၊ လေဖြတ်ခြင်းများပါ ဖြစ်နိုင်သည်။



စာရေးသူ လေဖြတ်သူများကို နှစ်ပေါင်း ၂၀ ကျော်ကုသလာခဲ့သည့်အတွေ့အကြုံများအရ လေဖြတ်သူအတော်များများမှာ ဆီးချိုနှင့် သွေးတိုးရောဂါရှိခဲ့ကြပြီး ရေခဲရေ၊ အချိုရည်ကို ထမင်းစားပြီးတိုင်း သောက်လေ့ရှိသူများဖြစ်သည်ကို တွေ့ရပြန်သည်။ ရေနွေးကြမ်းနှင့်ပတ်သက်ပြီး ပြန်လည်ကောက်ချက်ချရမည်ဆိုလျှင် ကျေးလက်တောရွာများ၌နေထိုင်သူများသည် မြို့ကြီးပြကြီးများတွင် နေထိုင်သူများလောက် လေဖြတ်သူမများရခြင်းအကြောင်းရင်းများတွင် ရေနွေးကြမ်းသောက်သောဓလေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်နိုင်သည်။

တရုတ်နိုင်ငံမှ ရှေးနှစ်ပေါင်းများစွာ(အေဒီ-၆၀၀)ကျော်ကတည်းက ဆူပွက်သောရေနွေးထဲသို့ သစ်ရွက်ကြွေကျရာမှ စတင်ခဲ့သည့် လက်ဖက်ခြောက်ခတ်သောက်သောဓလေ့ကြောင့် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အစာအိမ်နှင့်အူမကြီးကင်ဆာဖြစ်သူနည်းပါးသည်။ ဥရောပနိုင်ငံများ၌ အဖြစ်များသောကင်ဆာသည် အရှေ့တောင်အာရှရှိ ရေနွေးကြမ်းသောက်သောနိုင်ငံများတွင် ဖြစ်ပွားမှုရာခိုင်နှုန်းနည်းသည်ကို လေ့လာတွေ့ရှိကြသည်။

လေဖြတ်ခြင်းသည် လူမသေသော်လည်း ဘဝဆုံးရသောရောဂါမျိုးဖြစ်သည်။ စီးပွားရေးအရလည်း မိသားစုတစ်ခုလုံး ငွေကုန်ကြေးကျများပြီး နှစ်ရှည်လများထိခိုက်စေသောရောဂါဖြစ်သည်။ လေမဖြတ်အောင် ကြိုတင်ရှောင်ကြဉ်ကြရန်လိုသည်။ အမှန်တော့ လေဖြတ်ခြင်းကို ကာကွယ်သည့်ဆေးဟူ၍မရှိပါ။ သွယ်ဝိုက်သောနည်းဖြင့်သာ အကျိုးရှိနိုင်သောဆေးများကို ရောင်းချနေကြခြင်းဖြစ်သည်။ လေမဖြတ်အောင် နားရွက်နောက်မှ အကြောဖြတ်သူများလည်း တွေ့ဖူးသည်။ အလွန်မှားသောလုပ်ရပ်ဖြစ်သည်။ နားကြောဖြတ်ပြီးမှ လေဖြတ်လာသူကို လက်တွေ့ကြုံဖူးပါသည်။ သတ္တုစပ်လက်ကောက်တစ်မျိုးကို နိုင်ငံခြားမှလာသည့် လေမဖြတ်သောလက်ကောက်၊ ဤလက်ကောက်ကိုဝတ်ထားလျှင် သွေးမတိုးနိုင်ဟု ညာရောင်းနေခြင်းများလည်းရှိသည်။

စာရေးသူ လူနာများကို လက်တွေ့ကုသခဲ့ဖူးသောအမြင်ဖြင့် လေဖြတ်ခြင်းမှကာကွယ်နိုင်သော နည်းလမ်းကောင်းတစ်ခုကိုညွှန်ပြပါဆိုလျှင် ရေနွေးကြမ်းတစ်ခွက်ကိုပင် ညွှန်ပြလိုပါသည်။ သင်**လေဖြတ်ခြင်းမှ ကာကွယ်သော ဆေးတစ်ခွက်ကို သောက်လိုလျှင် အစာစားပြီးတိုင်း ရေနွေးကြမ်းတစ်ခွက်သောက်ပါ။ အစာစားပြီးတိုင်း အချိုရည်၊ ရေခဲရေသောက်သည်ထက် ရေနွေးကြမ်းသောက်သည်က အစာလည်းကြေ၊ ဆီးချို သွေးတိုးရောဂါကိုလည်းကာကွယ်နိုင်ပြီး သွေးတွင်းအဆီကျစေသည်။ ထို့ပြင် လေဖြတ်ခြင်းမှလည်း ကာကွယ်နိုင်သည့် ငွေကုန်ကြေးကျနည်းသော ဆေးကောင်းဖြစ်**ကြောင်း ရေးသားလိုက်ရပါသည်။ ။

# မော်လိုက်ခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၈၀၀၀ လျာထားစိုက်ပျိုးမည်



မော်လိုက် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၈၀၀၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မော်လိုက်ခရိုင်အတွင်း နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်၌ ၅၅၆၄ ဧကနှင့် ဖောင်းပြင်မြို့နယ်၌ ၂၄၃၆ ဧက စုစုပေါင်းဧက ၈၀၀၀ ဖြစ်သည်။

"ဒီနှစ် မော်လိုက်ခရိုင်မှာ ဆောင်းသီးနှံနေကြာဧက ၈၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်အောင် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်မှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာက တစ်ဧကဆီထွက်ရှိမှုအနေနဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာပဲ စိုက်ကြတာပါ"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ကပြောသည်။

မော်လိုက်ခရိုင်၌ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားစေရန် အသိပညာပေးသင်တန်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်၌ နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေးနှင့် ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားပြီး ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်စနစ်များဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများရှင်းလင်း



**ကျွန်းလှ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ရှင်းလင်းပွဲကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူးက မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာများ ကြီးကြပ်မှုကော်မတီဖွဲ့စည်းထားရှိမှုနှင့် စာရင်းကောက်ယူမည့်အစီအစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးလျှံမြတ်က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် စာရင်းကောက်ကွက် ၅၈ ကွက်အလိုက် ကောက်ယူမည့်လုပ်ငန်း အစီအစဉ်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဦးကျော်နိုင်ထွန်းက သန်းခေါင်စာရင်း ကောက်ယူရေးရည်ရွယ်ချက်၊ စာရင်းကောက်၊ စာရင်းစစ်များ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအကြောင်းကို ထပ်မံရှင်းလင်းပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ကျွန်းလှမြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရင်းကောက်၊ စာရင်းစစ် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများ၌ တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများ၌ တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ရေကြီးနစ်မြုပ်ခဲ့သည့် လက်တူးတွင်းများ၊ စက်ရေတွင်းများကို တွင်းဆေး တွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ပြန်လည်အသုံးပြုနိုင်မည့် အချိန်များနှင့်ပတ်သက်၍ ကျေးရွာသူ၊ ကျေးရွာသားများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေကြီးနစ်မြုပ်ခဲ့သည့် လက်တူးတွင်းများနှင့် စက်ရေတွင်းများအားလုံးကို မကျန်ရှိစေဘဲ အားလုံးဆောင်ရွက်သွားရန်နှင့်သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန်တာဝန်ရှိသူများအားမှာကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘားအံမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများအနက်မှ ရွှေကင်းကျေးရွာ၊ နောင်ပလိန်ကျေးရွာ၊ လှိုင်ခြံစုကျေးရွာ၊ တောင်နားကျေးရွာနှင့် မိဇ္ဈကျေးရွာတို့ရှိ လက်တူးတွင်းများကို တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။ **ကိုသက်**

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မကျီးကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာလ ၂၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကြွယ်ကန်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာ၌ နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူများမှ ထည့်ဝင်ငွေကျပ် ၅ ဒသမ ၇ သန်းတို့ဖြင့် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဩဂုတ်လ ၉ ရက်မှ စတင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှထောက်ပံ့ရန်ပုံငွေကျပ် ၂၅၅ သန်း၊ ပြည်သူများမှထည့်ဝင်ငွေကျပ် ၉၁ ဒသမ ၃ သန်း စုစုပေါင်း ၃၄၆ ဒသမ ၃ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မိ၀၂)

## တို့များမြေပြင် အေးရိပ်မြင်သည်

❖ ရေအရှိန်ပြင်း စီးဆင်းခြင်းကြောင့်
အိမ်တွင်းလူများ မျောပါသွားပြီ
ကံအားလျော်စွာ မှီခိုရာကား
ရေမှာထင်ထင် တွေ့ရမြင်သည်
သစ်ပင်ကြီးများ ထီးထီးမား။

❖ ဆွဲမိဆွဲရာ ဆွဲထားပါသော်
တွယ်တာသစ်ပင် ကျေးဇူးရှင်တည့်
သစ်ပင်ကမြင့် ရေစီးလင့်လည်း
အမြင့်နေရာ ရေမလာ၍
ခန္ဓာအသက် မြဲလျက်သာ။

❖ ရေပြင်ကျယ်မှာ ကယ်သူလာသော်
တွေ့ကာကယ်တင် အသက်ရှင်၏
သစ်ပင်တန်ဖိုး သူ့ကောင်းကျိုးကား
မိုးမြေတစ်ခွင် ကျေးဇူးရှင်ဟု
သိမြင်ခဲ့ပြီ အမှန်ပင်တည်း။

❖ သဘာဝဘေး ကြိုတင်ဝေးဖို့
ဘေးတွေ့ကြုံက သက်ရှင်ကြဖို့
တွေးဆစိတ်တွင် ကြိုတွေးမြင်ကာ
သစ်ပင်သစ်တော ပေါပေါများများ
ရှိထားသင့်ပြီ တို့တိုင်းပြည်။

❖ ရေဘေးကြုံရ များဒုက္ခတွင်
ကယ်မသစ်ပင် ကျေးဇူးရှင်ကြောင့်
ရှင်သန်ကြသူ များပြည်သူတို့
ကူညီကယ်ဆယ် သိမှတ်ဖွယ်တွင်
ရေလယ်မှာထင် ထိုသစ်ပင်လည်း
ကယ်တင်သူတွင် သူပါဝင်၏။

❖ အို..ချစ်သောပြည်သူ များပြည်သူတို့
ငါသူတစ်ပါး လူအများ၏
သွေးသားအသက် ကယ်တင်လျက်တွင်
သက်မဲ့သစ်ပင် အစွမ်းထင်၏
သစ်ပင်များများ စိုက်လို့ထားမှ
တို့များမြေပြင် အေးရိပ်မြင်သည်
သစ်ပင်ကျေးဇူး ဆပ်ကြစို့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၂၄(အင်္ဂါနေ့)

၁။ ၇:၂၀ ဓမ္မပူဇာတေး
၂။ ၇:၄၅ မျိုးချစ်တပ်မတော်
၃။ ၁၂:၀၀ ၁၂ လရာသီမှတ်တမ်း
၄။ ၁၇:၅၀ ပြည်ချစ်သားမွန် တေးသဝဏ်
၅။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆။ ၁၉:၀၀ **(၁၉၉၅) ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ တိုင်းရွှေဝယ်အငြိမ့် (ဒုတိယပိုင်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)**
၇။ တရားတော်

# တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက်တွင် ယာယီရေဘေးရှောင်နေသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက်တွင် ယာယီရေဘေးရှောင်နေသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာသီဟနာဒကျောင်း၊ စန္ဒိမာရာမဂိုဏ်းထောက်ကျောင်း၊ သူဌေးကုန်းကျောင်း၊ ညောင်ပင်သာကျောင်း၊ ရှောက်ကုန်း (မြောက်)မဟာအောင်မြေကျောင်း၊ ဇရပ်ကြီးကုန်းကျောင်း၊ အောင်မြေရိပ်သာကျောင်း၊ ဘိုကုန်း(သာယာအေး)ကျောင်း၊ ကြက်သွန်ခင်းကျောင်း၊ ဖောင်တော်ဦးကျောင်း၊ ဇေတဝန်လွှဘုံကျောင်း၊ နဂါးရုံကျောင်း၊ ထီးလှိုင်ကျောင်း၊ ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်း၊ မြပုဏ္ဏမာကျောင်း၊ ကျောင်းသစ်ကျောင်း၊ အဆုံဇီးကုန်းကျောင်း၊ ကျားသေအိုင်(သာသနာ့ဝေပုလ္လ)ကျောင်း၊ ကမ္မဋ္ဌာန်းကျောင်း၊ ရေလယ်ကွေ့ကျောင်း၊ ရှားတုံးအိုင်းကျောင်း၊ မဟာဗောဓိကျောင်း၊ သာဂရရာမပိန်းတောမြောက်ကျောင်း၊ လေးအိမ်စုကျောင်း၊ မိုဃ်းကောင်းဘုရားကျောင်း၊ အောင်ဆုပန်ကျောင်း၊ လက်ပံပုကျောင်း၊ ပိန်းတောတောင်ကျောင်း၊ ဆေကိန္ဒာရာမ(သာယာအေး)ကျောင်း၊ သီရိသုခမိဂဒါဝုန်ဓမ္မရိပ်သာကျောင်း၊ ရေတွင်းဖြူကျောင်း၊ ရွှေးစု (အာလောက) ကျောင်း၊ ပျိုးဥယျာဉ်ကျောင်း၊ ခေမာသီဝံ(ချောင်းခြား)ကျောင်း၊ မဟာဗောဓိဂန္ဓာရုံကျောင်း၊ အုတ်ဖိုကျောင်း၊ ရှောက်ကုန်း(တောင်)ကျောင်း၊ နွယ်ရစ်ကျောင်း၊ သိင်္ဂီရတနာကျောင်း၊ သာသနာ့ဂုဏ်ရည်ကျောင်း၊ ဓမ္မဂုဏ်ရည်ကျောင်းနှင့် ဓမ္မရောင်ခြည်စာသင်တိုက်တို့မှ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေဘေးရှောင်ပြည်သူများအား စောင့်ရှောက်ထားသည့် မဟာဇနကကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏာ



ရဟာအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ အရှင်ဂဝမ္ပတိ မထေရ်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်၌ ရေဘေးရှောင်နေသော တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်နှင့် အနော်ရထာရပ်ကွက်တို့မှ ရေဘေးသင့်ဒေသခံအိမ်ထောင်စုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးရှောင်ပြည်သူများအား စောင့်ရှောက်ထားသည့် ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇ္ဇောတက၊ တိုက်အုပ်ဆရာတော် နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညနှင့် နာယကဆရာတော် တပ်ကုန်းမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တသောမနတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်၌ ရေဘေးရှောင်နေသော တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်၊ မြဝတီရပ်ကွက်၊ ရွာသစ်ရပ်ကွက်နှင့် နောင်သဒ်ါရပ်ကွက်တို့မှ ရေဘေးရှောင် ဒေသခံအိမ်ထောင်စုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများမှ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်းနှင့် သီလရှင်ကျောင်း ၇ ကျောင်း စုစုပေါင်း ၅၄ ကျောင်းရှိဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၁၀၈ သိန်းနှင့် ရေဘေးရှောင်ဒေသခံပြည်သူများအား ထောက်ပံ့ငွေကျပ် ၃၃၃၀၀၀၀ လှူဒါန်းခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများမှ ယနေ့အချိန်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၁၄၈ ကျောင်းသို့ ဝတ္ထုငွေကျပ် ၂၉၆ သိန်း၊ သင်္ကန်း ၈၈၈ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၇၀၂ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့်စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ ဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၅-၉-၂၀၂၄ ရက် ည ၈ နာရီမှ ၂၂-၉-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၇၀၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တောင်ငူမြို့၊ မဒေါက်မြို့နှင့် ပဲခူးမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ မဒေါက်မြို့နှင့်ပဲခူးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၅၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၈၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၉၅ | ၃၃၀၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၈၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၀ | ၂၅၀၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၁၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၁၆၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာမြန်မာနိုင်ငံဆိုင်ရာဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr.Saud Abdullah Alsubaie နှင့်တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးH.E.Mr. Saud Abdullah Alsubaie က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr.Saud Abdullah Alsubaie တို့က ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်မြို့နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်ဖွန်းမုန်တိုင်းရာဂီ၏သက်ရောက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်း





မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)ထံ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ ကျောင်းဆင်းအရာရှိကြီးများက အလှူငွေပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၃

တိုင်ဖွန်းမုန်တိုင်းရာဂီ၏သက်ရောက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်၌ ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာစစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ ကျောင်းဆင်းအရာရှိကြီးများက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၀ သန်းအား ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က လက်ခံရယူသည်။

ထို့နောက် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂) ကျောင်းဆင်းအရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသူရသက်ဆွေ (အငြိမ်းစား)က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းလက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရှိပြည်ထောင်စုဝန်ကြီး၏ညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရတို့အကြား ဆက်လက်ဆောင်ရွက်လိုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးရာဌာနနှင့် စွမ်းအင်ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

⇨ **ကျောဖုံးမှအဆက်**

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ယနေ့ညမှ စက်တင်ဘာလ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ် နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝင်ငွေတိုးစီမံကိန်းဖြင့် ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့် ထူးချွန်သင်တန်းသားများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်ကျေးရွာများအနက် စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်ခဲ့သည့်ကျေးရွာနှစ်ရွာ၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်ခဲ့သည့် ကျေးရွာတစ်ရွာ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည့် ကျေးရွာတစ်ရွာနှင့် လျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည့် ကျေးရွာနှစ်ရွာ စုစုပေါင်းကျေးရွာခြောက်ရွာအတွက် သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာရေးနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းကို ရုံးချုပ်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ ကျေးရွာပေါင်း ၂၂ ရွာကိုရွေးချယ်၍ ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ တောင်းဆိုသည့် သင်တန်းများကို ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ယခုလို စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုံးတောကျေးရွာမှ သင်တန်းသားငါးဦးအတွက် စက်ချုပ်လုပ်ငန်းထူထောင်ရန် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မဲဒီးကျေးရွာမှသင်တန်းသားငါးဦးအတွက် စက်ချုပ်လုပ်ငန်းထူထောင်ရန် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ကြောင်ရေကျေးရွာမှ သင်တန်းသားငါးဦးအတွက် လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်း ထူထောင်ရန် ဆပ်ပြာမွှေစက်နှင့်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ရေအိုးစင်ကျေးရွာမှ သင်တန်းသားငါးဦးအတွက် ရေခဲမုန့်လုပ်ငန်းထူထောင်ရန် ရေခဲမုန့်ပြုလုပ်သည့် စက်နှင့်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက တဲကြီးကုန်းကျေးရွာမှသင်တန်းသားငါးဦးအတွက် လျှပ်စစ်သံဂဟေဆက်လုပ်ငန်းထူထောင်ရန် ဝရိန်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမင်းဦးက ကြာအင်းကျေးရွာမှ သင်တန်းသားငါးဦးအတွက် လျှပ်စစ်သံဂဟေဆက် လုပ်ငန်းထူထောင်ရန် ဝရိန်စက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များက သင်တန်းတစ်ခုချင်းစီမှ သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။




အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကာ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စုစုပေါင်း သင်တန်းခြောက်ခုမှ သင်တန်းတစ်ခုလျှင် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်၍ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့်ထူးချွန်သင်တန်းသား ၃၀ ဦးကို လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြဝတီ)

# သဘာဝဘေးကြောင့်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် ဇေယျာသီရိမြို့နယ်ရှိ ပင်လောင်းလမ်းဆုံနှင့် အေးမြင့်သာယာတံတားအကြားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ယာဉ်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်ရှိ ရှားစေးဖိုကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ရေဝင်ရောက်ပြီး တင်ကျန်နေသည့်နုန်းများ၊ သစ်ကိုင်းများနှင့်အမှိုက်များ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရှားစေးဖိုလျှပ်စစ်ရေတင်စက်ရုံအတွင်း ရေများဝင်ရောက်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအားပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။




ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာရှိ သာသနာ့ဝိသောဓနီကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမာဝံသအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်အတွင်း ရေကြီးရေလျှံမှုကြောင့် တင်ကျန်နေသည့် နုန်း၊ ဒိုက်နှင့် အမှိုက်များ ရှင်းလင်းဖယ်ရှားရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ပင်သောင်းကျေးရွာအုပ်စု သစ်ကိုးပင်ကျေးရွာရှိ သစ်ကိုးပင်ကျောင်းတိုက်ရှိရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ ကုလားပဲနှင့်ထမင်းဘူးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သစ်ကိုးပင်ကျေးရွာအတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေနှင့် သစ်ကိုးပင်ကျေးရွာနှင့်အင်တိုင်းသာကျေးရွာ ချင်းဆက်လမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန် အမှတ်(၃) ကန်ဘေးပတ်လည်ရှိ မြေထိန်းနံရံ ကျွံကျပျက်စီးမှုအခြေအနေကိုလည်းကောင်း၊ ရေလွှမ်းမိုးမှုကြောင့် ဇေယျာသီရိမြို့နယ် ဆင်သေချောင်းတံတား (ပုပ္ပားကုန်း)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းပျက်စီးမှုအပေါ် ယာယီသံပေါင်ဘေလီတံတားတည်ဆောက်ပြီးစီးမှု၊ ပြိုကျပျက်စီးနေသည့် မြေထိန်းနံရံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ပြိုကျပျက်စီးနေသည့် ဒိုးပင်ခုံတံတား ချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

(မြဝတီ)




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၅ | ၃၇ |
| ရှမ်း(မြောက်) | ၂၁ | ၃၃ |
| ရှမ်း(အရှေ့) | ၂၂ | ၂၉ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၄ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၆ | ၃၇ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၇ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၆ | ၃၅ |
| မကွေး | ၂၃ | ၃၂ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၀ | ၃၁ |
| ရန်ကုန် | ၂၃ | ၂၈ |
| ဧရာဝတီ | ၂၂ | ၂၉ |
| ကယား | ၂၁ | ၃၀ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၄ | ၂၉ |
| တနင်္သာရီ | ၂၃ | ၂၈ |

# ရေကြီးတာလျှပ်စစ်ထုတ်လို့လား

မောင်မောင်စွယ်စုံထွန်း




ယခုတလော လျှပ်စစ်ထုတ်တဲ့ဆည်တွေဖောက်ချလိုက်လို့ ရေတွေကြီးတာဆိုပြီး ပြောဆိုနေမှုများကို ဆိုရှယ်မီဒီယာများတွင် တွေ့လာရသဖြင့် ရေအားလျှပ်စစ်နှင့်ပတ်သက်၍ ဆည်မြောင်းတာတမံများအကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ဆည်မြောင်းတာတမံများကို စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ရရှိရေးစသည်ဖြင့် ဒေသအလိုက်အကြီး၊ အလတ်၊ အသေးသင့်လျော်သလို တည်ဆောက်ကြလေ့ရှိပါသည်။ တမံများတည်ဆောက်ရာတွင် ရေလှောင်ဖို့ တမံအမြင့်တည်မှာလား ရေစီးအားကို အသုံးချဖို့ နိမ့်နိမ့်ပဲလုပ်မှာလား စသည်ဖြင့်လည်း ကြိုတင်လေ့လာသုံးသပ်ပြီးမှသာ တည်ဆောက်ကြရသည်။ မြေမျက်နှာသွင်ပြင်အခြေအနေ၊ ဘေးပတ်ဝန်းကျင်အနေအထားများစသည်တို့ကိုလည်း လေ့လာကြရသည်။ ဘူမိအင်ဂျင်နီယာနည်းပညာ၊ မြို့ပြအင်ဂျင်နီယာနည်းပညာများဖြင့် ဆန်းစစ်လေ့လာကြရသည်။ လှောင်ရေအားလွှတ်ပါက ဆည်အောက်ဘက်တွင် ဘာဖြစ်နိုင်သည်၊ ဘာတွေထိခိုက်နိုင်သည်၊ ဘယ်လိုဖြေရှင်းမည် စသည်ဖြင့်လည်း ကြိုတင်ဆန်းစစ်လေ့လာပြီးမှ တည်ဆောက်ကြရသည်။

အရေးအကြီးဆုံးအချက်မှာ မိုးလေဝသနှင့်ဇလဗေဒနည်းအရလည်း နှစ်စဉ်စီးဆင်းနိုင်သည့် ရေပမာဏ၊ ရေစီးဝင်နိုင်မှုနှုန်းစသည်ဖြင့်လည်း အသေးစိတ်လေ့လာကြရသည်။ ထူးကဲဒီရေဖြစ်လာခဲ့လျှင် ဘယ်လောက်ရေစီးနှုန်းဖြစ်မည်၊ ဘယ်လောက်ထိခိုက်လာနိုင်သည်စသည်ဖြင့်လည်း အသေးစိတ်လေ့လာကြရပါသည်။ နှစ်အနည်းငယ်အတွင်းစုံစမ်းရရှိထားသည့်အချက်အလက်များဖြင့်လည်း ဆည်တမံများတည်ဆောက်လို့မရသေးဘဲ ခေတ်မီတွက်ချက်နည်းများဖြင့် နှစ် ၁၀၀၀၊ နှစ် ၅၀၀၀ စသည်ဖြင့်လည်း ခန့်မှန်းတွက်ချက်ပြီးမှသာ တည်ဆောက်ကြရသည်။ ဆိုလိုသည်မှာ ဆည်တမံများကိုဖြစ်သလိုတည်ဆောက်ထားခြင်းမျိုးမဟုတ်ပါ။ ရေပြည့်လျှင်ဖောက်ချဖို့ဆိုသည့် အတွေးအမြင်မှားနေသူအချို့အား ဆည်တမံဆိုသည်မှာ အချက်အလက်များစွာ သုတေသနပြုလုပ်၍ ဒီဇိုင်းထုတ်ပြီးမှ တည်ဆောက်ရခြင်းဖြစ်သည်ကို ရှင်းပြလိုခြင်းဖြစ်ပါသည်။

ယခုတလောဖြစ်ပွားခဲ့သည့် ရေကြီးခြင်းဖြစ်စဉ်မျိုးလို နှစ်ပေါင်းများစွာကြာမှ တစ်ကြိမ်လောက် ဖြစ်လာနိုင်သော ထူးကဲဒီရေများကိုပါ ထည့်သွင်းတွက်ချက်ပြီးမှသာ တည်ဆောက်ထားခြင်းဖြစ်ပြီး ရေပိုလွှဲများကိုလည်း မဖြစ်မနေထည့်သွင်းတည်ဆောက်ထားကြပါသည်။ လိုအပ်လျှင်အရေးပေါ်အသုံးပြုရန်အရေးပေါ်ရေပိုလွှဲများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြပါသည်။ ပုံမှန်ရေပိုလွှဲက ရေထုတ်လွှတ်တာမနိုင်လောက်လျှင် သတ်မှတ်ရေအမြင့်တစ်ခုကိုရောက်ရှိပါက အရေးပေါ်ရေပိုလွှဲကနေပါထုတ်နိုင်အောင် မဖြစ်မနေထည့်သွင်းတည်ဆောက်ထားလေ့ရှိကြပါသည်။ ယခုကဲ့သို့ရာသီဥတုဖောက်ပြန်၍ မမျှော်မှန်းနိုင်သော ရေဝင်ရောက်ချိန်မျိုးတွင် အရေးပေါ်ရေပိုလွှဲသည် အသက်ကယ်ဆေးပင်ဖြစ်သည်။ ရေပိုလွှဲအများစုမှာ တမံများနှင့်တစ်ဆက်တည်း တည်ဆောက်ကြလေ့ရှိပြီး (Concrete structure)များဖြစ်သည်။ မြေအကျယ်မလုံလောက်၍ တောင်ကုန်းစသည်တို့ကိုဖယ်၍ တည်ဆောက်ရလျှင် တောင်ကမ်းပါးယံပြို၍ ရေပိုလွှဲပိတ်ဆို့နိုင်သည်ကိုပါတွက်ဆ၍ လုံလောက်သော လျှောစောက်ရရှိသည်အထိ ဖယ်ထုတ်တည်ဆောက်ကြရပါသည်။ ရေပိုလွှဲကို နေရာကျဉ်းကျဉ်းဆောင်ရွက်ရလျှင် ရေထုတ်အားကောင်းစေရန် Radial gate များဖြင့် ဆောက်လုပ်ကြလေ့ရှိပါသည်။ သို့မဟုတ်ပါက ရေပိုလွှဲကို တစ်ဖြောင့်တည်း မတည်ဆောက်ဘဲ ရေလှောင်ကန်အတွင်းဘက်သို့ ဆန့်ထုတ်ပြီး ဘဲနှုတ်သီးပုံ ရေပိုလွှဲမျိုးကိုတည်ဆောက်ကြလေ့ရှိပါသည်။

ရေပိုလွှဲများသည် မကြာခဏ ရေကျော်မှုနှင့်ကြုံတွေ့ရမည်ဖြစ်၍ အထူးခိုင်ခံ့အောင် ဆောက်လုပ်ကြရသည်။ အလွန်ကြီးမားသောရေကြီးမှု (Probability maximum flood) (PMF) ဖြစ်လာလျှင် စီးဝင်လာသောရေကို အမြန်ထွက်သွားစေရေးအတွက် အကူရေပိုလွှဲများကိုလည်းမဖြစ်မနေပါဝင်ထည့်သွင်းတည်ဆောက်လေ့ရှိကြပါသည်။ ထို့ပြင် ဆည်တမံများ၏ရေဝေဒေသမှ ဒေသခံအများစုသည်လည်း ထူးကဲဒီရေဖြစ်နိုင်ကြောင်းကိုတွေးဆ၍ ချောင်းရေတက်နိုင်သည့်နေရာမျိုးတွင် အခြေချနေထိုင်လေ့မရှိကြပါ။ သို့သော်လည်း တမံပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် ရေစီးရေလာနည်းသွားသည့်အတွက် မူလချောင်းရိုးဧရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်စီးပွားရှာသူများက ရှိလာပြန်ရာ အဆိုပါကိစ္စများသည် ဆည်ရေလျှံသည်နှင့်မဆိုင်ဘဲ အန္တရာယ်ရှိနိုင်သည်ကိုသိလျက် ဝင်ရောက်နေထိုင်ကြသဖြင့်သာ ရေကြီးပြီး အသက်အန္တရာယ်ဆုံးရှုံးကြရသည်ကို သဘောပေါက်နားလည်ကြရန်လိုပါသည်။ အဆိုးဆုံးမှာ မူလချောင်းဧရိယာအတွင်း ကန့်လန့်ဖြတ်ပိတ်၍ အဆောက်အအုံများ ဆောက်လုပ်ခြင်းဖြစ်သည်။ ချောင်းရေမြင့်တက်လာပါက ရေလမ်းကြောင်းပျောက်ပြီး အခြားအနိမ့်ပိုင်းများသို့ပါ ရေဝင်ရောက်ခြင်းမျိုးဖြစ်သည်။ ထိုသို့မဆင်မခြင်ဆောက်လုပ်နေထိုင်မှုများကြောင့်သာ ဆက်စပ်နေသည့် အိုးအိမ်များရေမျောကုန်ခြင်း၊ လမ်းတံတားများကျိုးခြင်း စသည်တို့ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အကယ်၍ မုန်တိုင်းမိုးအားကြိုတင်တွက်ဆ၍ရလျှင် ရက်အနည်းငယ်စောပြီး အထိုက်အလျောက် ရေကိုကြိုလျှော့ထားနိုင်သည်။ မိုးဖြဲတမံရေဝင်ရောက်မှုမှာ ယခင်နှစ်ကထက်ပိုများနေ၍ ယခုတောင်တရုတ်ပင်လယ်မှ မုန်တိုင်းမဝင်မီ တစ်ပတ်ကျော်မှပင်စပြီး ရေလျှော့ထားနိုင်ခဲ့သည်။ မိုးဖြဲရေဖောက်ချလိုက်၍ လွိုင်ကော်ရေမြုပ်ပါပြီဆိုပြီး မီဒီယာအချို့ကပြောကြသည်။ ဤမုန်တိုင်းမတိုင်မီ ကံကောင်းထောက်မ၍ တာဝန်ရှိသူများက ကြိုတင်မှန်းဆပြီး ရေလျှော့ထားခဲ့၍သာ လွိုင်ကော်မြို့ ရေဘေးမှသက်သာသွားခဲ့ခြင်းဖြစ်သည်။ ယခုဖောင်တော်ဦးဘုရားကြမ်းပြင်အထက်ပင် ရေဝင်တော့မည့်အခြေအနေတွင် အင်းလေးနှင့် မိုးဖြဲမှာ တစ်ဆက်တည်းဖြစ်နေရာ ရေသာကြိုလျှော့မထားပါက မိုးဖြဲမည်သို့ဖြစ်လာနိုင်သည်ကိုမှန်းဆကြည့်နိုင်ကြပါသည်။ ထပ်မံရှင်းလင်းလိုသည်မှာ တမံများသည် တည်ဆောက်စဉ်ကပင် ရည်ရွယ်ချက်မှာ စိုက်ပျိုးရေ၊ လျှပ်စစ်ထုတ်ရန်ရေ၊ မြို့ရေပေးရေးအတွက်ရေ စသည်ဖြင့်ရေရရှိရေးသာအဓိကဖြစ်သည်။ သို့သော် ဘက်စုံစဉ်းစားလုပ်ခဲ့သဖြင့်ဆည်များက ရေကိုထိန်းညှိသိုလှောင်ထုတ်ပေးခြင်းကြောင့် ရေမြုပ်မှုများမှ သက်သာသွားစေမည်ဖြစ်သည်။ ဆည်ရေဖောက်ချလို့ ရေကြီးခြင်းလုံးဝမဟုတ်ပါ။ ဆည်တစ်ခုတွင် ရေထုတ်နိုင်သော နေရာငါးမျိုးရှိသည်။

(၁) ဆည်ရေပေးသည့်အပေါက်မှာ လယ်များရေပေးရန် သင့်တင့်သောအရွယ်နှင့် ဂိတ်ပါတပ်ဆင်ထားသည်။ လက်တံမြောင်းများအလိုက် အချိန်ကိုက်ပေးဝေရသည်။ အခုလိုမုန်တိုင်းကာလမျိုးတွင် လယ်များထဲမှာပင်ရေထုတ်နေရပြီဖြစ်၍ ဆည်ရေပေါက်မှ ရေမလွှတ်တော့ပါ။

(၂) လျှပ်စစ်ထုတ်စက်များမောင်းနှင်သည့်အပေါက်မှာ လျှပ်စစ်မောင်းချိန်တွင်သာ ဖွင့်၍မောင်းရသည့်အပေါက်ဖြစ်သည်။ လျှပ်စစ်လိုလျှင်မောင်းမည် ရေထုတ်မည်။ လျှပ်စစ်မလိုလျှင် ရေဖွင့်စရာမလိုပါ။ ထိန်းချုပ်မောင်းနှင်နေခြင်းသာဖြစ်ပြီး ဖောက်ချထားခြင်းမျိုးမဟုတ်ပါ။

(၃) ရေပိုလွှဲမှ ကန်ရေပြည့်ချိန် သူ့အလိုလိုကျော်ကျသည့်ရေမှာ အထူးစီမံရန်မလိုပါ။ ရေလှောင်တမံအတွင်း ရေပြည့်လျှင်သူ့အလိုလိုကျော်ဆင်းရန်ကွန်ကရစ်ဖြင့် အထူးစီမံထားသည့်ရေလမ်းဖြစ်သည်။ Radial gate ပါသည့်တမံများတွင် ရေကိုကြိုတင် လျှော့ချထားနိုင်၍ အန္တရာယ်ကိုလျှော့နည်းစေပါသည်။

(၄) Sand washing gate မှာ တမံအတွင်းသဲနုန်းများကို ဆေးထုတ်လိုသည့်အခါအသုံးပြုရန် တမံအောက်ဘက်ပိုင်းတွင် တပ်ဆင်ထားသည့် Gate မျိုးဖြစ်သည်။ အထက်ပေါင်းလောင်းတစ်ခုသာ ဤအပေါက်ရှိသည်။ သို့သော် ဤအပေါက်ကို ဖွင့်ရသည့်အချိန်သည် မိုးဦးကျရေဝင်ရောက်ခါစတွင်သာဖွင့်ရပါသည်။ အခုလိုကန်ရေပြည့်နေချိန်ဖွင့်ရိုးထုံးစံမရှိပါ။

(၅) Navigation lock ဖွင့်ခြင်းမှာ တမံအထက်ပိုင်းရေပြင်နှင့်အောက်ဘက်ချောင်းကို ဆက်စပ်ပေးပြီး လှေများ၊ မော်တော်များ၊ သင်္ဘောများ သွားလာနိုင်ရန် စီစဉ်ထားသည့်အပေါက်အတွင်း ရေနိမ့်မြင့်ညှိပေးသည့် ရေလမ်းဖြစ်သည်။ မလိုအပ်ဘဲလုံးဝမဖွင့်ပါ။ ဤအပေါက်မျိုးမှာ မြန်မာနိုင်ငံတွင် မိုးဖြဲတမံတွင်သာရှိသည်။

မည်သည့်တမံမဆို ဤငါးမျိုးမှလွဲ၍ မည်သည့်နည်းနှင့်မျှ ရေထုတ်လွှတ်ခြင်းမလုပ်နိုင်ပါ။ တမံမှရေဖောက်ချ၍ အောက်ဘက်ရေကြီးပါသည်ဆိုသောအသုံးအနှုန်းသည် ဤအချက်ငါးချက်ကို မသိကြ၍လည်းဖြစ်နိုင်သလို ရည်ရွယ်ချက်ရှိရှိ တမင်သက်သက် ပြည်သူအမြင်လွဲမှားစေရန် ဆောင်ရွက်နေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

စာရေးသူ၏အမြင်အားတင်ပြရပါလျှင် ဆည်တမံများတည်ဆောက်ခြင်းကြောင့် ယခုရာဂိကဲ့သို့မုန်တိုင်းများဖြစ်ပေါ်လာသည့်အခါတွင် အောက်ပါအကျိုးကျေးဇူးများကို ရရှိခံစားကြရပြီး စည်းကမ်းမလိုက်နာမှုများကြောင့်သာ ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆမိပါသည်။ ဆည်တာတမံများတည်ဆောက်ခြင်း၏ အဓိကကျေးဇူးများမှာ–

(၁) **Flood Control**

ဆည်တမံများသည် ရေကိုထိန်းချုပ်သိုလှောင်ထားသဖြင့် ရေလွှမ်းမိုးမှုအန္တရာယ်ကိုလျှော့ပါးစေပြီး ချက်ချင်းရေလျှံခြင်းမျိုးမှ ကာကွယ်ပေးနိုင်ပါသည်။

(၂) **ရေသိုလှောင်ထားနိုင်ခြင်း**

စိုက်ပျိုးရေနှင့်သောက်သုံးရေအတွက် ရေကို ပိုမိုသိုလှောင်ထားနိုင်ပြီး အကျိုးကျေးဇူးများစွာရရှိစေပါသည်။

(၃) **ရေအားလျှပ်စစ်ထုတ်နိုင်ခြင်း**

ရေများစွာကို ပိုမိုသိုလှောင်ထားနိုင်သဖြင့်

**စာမျက်နှာ ၁၄ သို့** ❑

❑ စာမျက်နှာ ၁၃ မှအဆက်

ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုကို ပိုမိုမြှင့်တင်ပေးနိုင်စွမ်းရှိပါသည်။

(၄) **ဆည်မြောင်းပံ့ပိုးမှုပေးနိုင်ခြင်း**
မိုးရာသီကုန်လွန်ပြီး လယ်ယာစိုက်ပျိုးရေးအတွက် ရေကိုပိုမို၍ဆက်လက်ပေးဝေနိုင်ပါမည်။

(၅) **တိုက်စားမှုနှင့်တိမ်ကောမှုများထိန်းချုပ်ခြင်း**
ရေတိုက်စားမှုနှင့်မြစ်ချောင်းများတိမ်ကောမှုမှထိန်းချုပ်နိုင်ပြီးရေလွှမ်းမှု၊ မိုးများမှုမှများစွာ ကာကွယ်ပေးနိုင်ပါသည်။

ရာဂိုကဲ့သို့ မုန်တိုင်းများကြောင့် ပြင်းထန်သောမိုးရွာသွန်းမှုများတွင် ဆည်တမံများဖောက်ချခြင်းကြောင့် ပျက်စီးဆုံးရှုံးရခြင်းလုံးဝမဟုတ်ပါ။ ဆည်တမံများတည်ဆောက်ထားပြီး ရေပမာဏနှင့် စီးဆင်းမှုကို စီမံခန့်ခွဲနိုင်ခြင်းဖြင့်သာ ပျက်စီးဆုံးရှုံးသည်ကိုလျှော့ချနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ရေကြီးခြင်းသည် ဆည်မြောင်းတာတမံများ (အထူးသဖြင့် လျှပ်စစ်ထုတ်လုပ်လျက်ရှိသော ဆည်မြောင်းတမံကြီးများ)မှရေကိုဖောက်ချ၍ မရနိုင်ကြောင်းကို တည်ဆောက်ပုံနှင့် ဒီဇိုင်းပိုင်းတို့အားတင်ပြထားပြီးဖြစ်၍ အထူးမပြောလိုတော့ပါ။ ယခုကဲ့သို့ ရေကြီးခြင်းဖြစ်ရခြင်းမှာ (၁) မိုးရေချိန်မြင့်မားစွာ တစ်ခဏအတွင်းရွာသွန်းခြင်း၊ (၂) မြစ်ချောင်းများအတွင်း အနည်ကျမှုများလာခြင်းကြောင့်သာ အဆိုပါမြစ်ချောင်းများကောလာပြီး ရေစီးစရာမရှိဘဲ ရေမြင့်တက်လာခြင်း (၃)လတ်တလော မိုးရွာသွန်းမှုများကို အောက်ရေ(ပုံမှန်ဒီရေ)က တောင့်ခံနေခြင်း စသည့်အချက်ကြီးသုံးချက်ကြောင့်သာ ရေကြီးခြင်းဖြစ်စေသည်ကို ပြည်သူများသိရှိနားလည်သဘောပေါက်ကြစေလိုပါသည်။ အထူးသဖြင့် ရေအားဖြင့်လျှပ်စစ်ထုတ်လုပ်ခြင်းကြောင့်ရေကြီးခြင်းမဟုတ်ဘဲ ထိုသို့ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကြောင့်သာ ရေကြီးမှုဒဏ်ကို ကာကွယ်နိုင်ခြင်းဖြစ်ပြီး မျှော်မှန်းမရသောထူးကဲသည့် မိုးလေဝသအခြေအနေအရ တောင်ကျရေများ ရုတ်တရက်စီးဆင်းလာခြင်း၊ ရေလမ်းကြောင်းချောင်းဧရိယာအတွင်း နေထိုင်ခြင်းမပြုသင့်ပါဘဲ ဝင်ရောက်နေထိုင်ခြင်း၊ အချိန်အနည်းငယ်အတွင်းမိုးရေချိန်များလွန်းပြီး အောက်ရေကတောင့်ခံနေခြင်းတို့ကြောင့်သာ ရေကြီးရေလျှံဖြစ်၍ ယခုလိုပျက်စီးဆုံးရှုံးမှုများခံရခြင်းဖြစ်ပါကြောင်း စာရေးသူ၏ အမြင်အားရေးသားတင်ပြလိုက်ရပါသည်။ ။

# ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများထုတ်ပေး



**ကံမ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ စက်တင်ဘာလအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၌ စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင်စတင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပင်စင်လစာများထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့်လည်း မိသားစုဝင်တစ်ဦးဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း၊ ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၁၀ ဦး၊ ကာကွယ်ရေးပင်စင် ၁၄၉ ဦး၊ နိုင်ငံရေးပင်စင် ၇၂ ဦးနှင့် မြန်မာ့စီးပွားရေးဘဏ်ပင်စင် ရှစ်ဦး၊ စုစုပေါင်း ပင်စင်စား အငြိမ်းစားဝန်ထမ်း ၈၃၉ ဦး ရှိကြောင်း၊ ရပ်ကွက်ကျေးရွာများမှပင်စင်စားများအား နေ့အလိုက်ခွဲခြားသတ်မှတ်၍ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း ကံမမြို့မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဂျုံဧက ၂၈၀၀ စိုက်ပျိုးမည်

**ကလေး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဂျုံဧက ၂၈၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကလေးမြို့နယ်၌ ဂျုံဧက ၂၈၀၀ ဧက စိုက်ပျိုးရန် လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးကြမည်ဖြစ်သည်။

"ကလေးမြို့နယ်မှာ ဂျုံသီးနှံကိုလျာထားချက်ဧက ပြည့်မီအောင်စိုက်ပျိုးရေးအတွက် ဆောင်ရွက်သွားမယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေအသိပညာပေးဆွေးနွေးတာတွေလုပ်မယ်။ ဂျုံအထွက်တိုးအောင်ရေသွင်းပြီး မြေဩဇာကျွေးဖို့ နှုန်းသားတွေ၊ ပေါင်းရှင်းတာတွေ ဆောင်ရွက်ပေးသွားမယ်။ ဂျုံသီးနှံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ဆောင်ရွက်ပေးသွားမယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးနိုင်ထွန်းဝင်းကပြောသည်။

ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးမည့်တောင်သူများကို ဂျုံအထွက်နှုန်း တိုးရေးအတွက် တောင်သူများအား ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ပေးခြင်း၊ ပုလဲခာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

# သောက်သုံးရေဖူလုံစေရန် ရေများပေးဝေလှူဒါန်း

**ညောင်ရွှေ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ရွှေရန်ပြေကျေးရွာနေ ပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက်စက်တင်ဘာလ ၂၃ရက် နံနက်ပိုင်းတွင် သောက်သုံးရေများ ပေးဝေလှူဒါန်းကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ရွှေရန်ပြေကျေးရွာတွင် ရေဘေးသင့်ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ဂါလန် ၆၀၀ ဆံ့ ရေကားနှစ်စီးအား ပေးဝေလှူဒါန်းကြသည်။

ထို့နောက် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တာဝန်ရှိသူများသည် ကျေးရွာအတွင်းရှိ တွင်းနက်၊ တွင်းတိမ်များ ရေဝင်ရောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက စက်ရေတွင်းများ တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးရန်နှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။ ညောင်ရွှေမြို့နယ်တွင် ရေပြန်လည် ကျဆင်းသွားသည့် ကျေးရွာများရှိ တွင်းနက်၊ တွင်းတိမ်များအား တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းနှင့် ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❖ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများကိုအားပေးစကားပြောကြားရာ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။ ဆက်လက်၍ မဲနယ်တောင်ဒေသ ထီတခူး-နောင်ဒေးအုပ်စု၊ လွယ်မောဒေသ လွိုင်လင်မြို့နယ် ခေါင်းနွဲ့-အင်းတော်ဒေသအတွက် ငွေကျပ်သိန်း ၁၅၀ စီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့ကပေးအပ်လှူဒါန်းရာ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒနှင့်ရေဘေးသင့်ပြည်သူများကလည်းကောင်း၊ ဦးဇော်ဝင်း+ဒေါ်နွေးနွေးဝင်း မိသားစု၏ အလှူငွေကျပ်သိန်း ၃၀ ကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ ကျောင်းအုပ်ကြီးကပေးအပ်လှူဒါန်းပေးရာ လဉ်းခလဆရာတော်ကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး





စံဖူးဘုန်းကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုတွင် စက်တင်ဘာလ ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာ ၃၀၊ အိမ်ခြေ ၁၀၉၂၊ အိမ်ထောင်စု ၁၀၉၅၊ လူဦးရေ ၄၄၉၇ ဦးရှိသည့်အနက် နေအိမ်ပျက်စီးမှု ၁၀၀ ရာခိုင်နှုန်း ၂၆၁ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၃၆ အိမ်၊ လူသေဆုံး ၂၆ ဦးဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် ဟန်လွဲဘုန်းတော်ကြီးကျောင်းတွင် ကုန်းကျိုင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က အားပေးစကားပြောကြားကြကာ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ နှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO ပါတီအထွေထွေအတွင်းရေးမှူး ဦးခွန်သိန်းဖေက ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ရေဘေးသင့်ပြည်သူများက လက်ခံရယူကြ၍ ကလေးသူငယ်များကို စားစရာမုန့်များဝေငှပေးပြီး ရေကြီးမှုဖြစ်ပွားခဲ့သည့် နမ့်တဘက်ချောင်းအား ကြည့်ရှုကြသည်။

သဘာဝဘေးဒဏ်ကြောင့် ပုံးအင်းဒေသ ကုန်းကျိုင်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၆၈၄ အိမ်၊ အိမ်ထောင်စု ၆၉၁ စု၊ လူဦးရေ ၃၆၁၇ ဦးရှိသည့်အနက် ဘေးသင့်ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၁၄၀၊ အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၅၇၀၊ နေအိမ်ပျက်စီး ၁၀၀ ရာခိုင်နှုန်း ၂၃ အိမ်၊ တစ်စိတ်တစ်ပိုင်း ပျက်စီး ၃၄ အိမ်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိနိုင်ငံတကာအခင်းအကျင်းများ၊ နိုင်ငံတကာလတ်တလောဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့၏ ဦးစားပေးဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အသိပညာရှင်များရှုထောင့်မှ ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

● **ပြည်သူများခရီးသွားလာမှုမှ**

မြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့်ကုန်ရထားများပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ရန်ကုန်-သာစည် အမှတ်(၁၁)အဆန်လူစီးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅ နာရီတွင်ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင်ဆိုက်ရောက်ပြီး သာစည်-ရန်ကုန် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားသည်လည်း သာစည်ဘူတာမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ည ၉ နာရီခွဲတွင် ရောက်ရှိပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-သာစည်ခရီးစဉ် လူစီးရထားများဖြင့်ပြေးဆွဲပေးနေမှုအပေါ် ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့်ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေတိုက်စားမှုကြောင့်ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့်သပြေတောင်းကြား ရထားလမ်းတာပေါင်နှင့် တံတားများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးပါက ရန်ကုန်-မန္တလေးရထားခရီးစဉ်များကို ပုံမှန်အတိုင်းပြေးဆွဲပေးသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)



# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၆/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ





ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်မည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄၆/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမတို့၌ တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်မြို့၌ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄၆/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)တို့တွင် တန်းခွဲနှစ်ခုဖြင့် စက်တင်ဘာလ ၂၃ ရက်မှ ဒီဇင်ဘာလ ၁၃ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်များမှ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို စိတ်ပါဝင်စားသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေဘာသာရပ်များ၊ နိုင်ငံရေးဘောဂဗေဒနှင့် အထွေထွေဗဟုသုတဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# တရားမအထူးအယူခံမှုခြောက်မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုခြောက်မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၆/၂၀၂၄ (မန္တလေး)၊ ၄၃/၂၀၂၄ (ရန်ကုန်)၊ ၄၄/၂၀၂၄ (ရန်ကုန်)၊ ၄၈/၂၀၂၄ (ရန်ကုန်)၊ ၄၉/၂၀၂၄ (မွန်)၊ ၅၁/၂၀၂၄(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှုခြောက်မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၅/၂၀၂၄ (ရှမ်း)၊ ၃၁/၂၀၂၄ (မန္တလေး)၊ ၅၀/၂၀၂၄ (မွန်)၊ ၅၄/၂၀၂၄ (ပဲခူး)၊ ၆၃/၂၀၂၄ (ဧရာဝတီ) စုစုပေါင်းတရားမအထူးအယူခံမှုခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၂၉.၅°C |
| ရန်ကုန် | ၂၃°C | / | ၃၀.၀°C |
| မန္တလေး | ၂၆°C | / | ၃၄.၅°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ရေဘေးသင့်ခဲ့သောဒေသများမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ကျောင်းများကို အမြန်ဆုံးပြင်ဆင်ထူထောင်ကာ အောက်တိုဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရန်၊ ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေပြီး နှစ်ဝက်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အစားထိုးပြန်လည်ဖြေဆိုနိုင်ရေးစီစဉ်ပေးရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရေဝင်ရောက်မှုကြောင့် ကျောင်းပိတ်ထားခဲ့ရသည့်ရက်များကို စနေ၊ တနင်္ဂနွေနေ့တို့တွင် အစားထိုးသင်ကြားရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ရေဝင်ရောက်မှုကြောင့် ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များနှင့် ပရိဘောဂများ ပြန်လည်ပြုပြင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ကျောင်းဆောင်၊ စာသင်ခန်း၊ သန့်စင်ခန်းများ သန့်ရှင်းရေးအတွက် သုံးရေ၊ သောက်ရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်စာတမ်းများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသွားမည့်အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသူများက ကျောင်းအလိုက် လိုအပ်သည်များကိုလည်းကောင်း တင်ပြကြပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကွပ်ကဲမှုအောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများစိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့်တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများက Online System ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းများကို စနစ်တကျ စိစစ်၍ အမှန်တကယ်လိုအပ်ချက်ရှိသည့် ဒေသများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်သောငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။




ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ လုပ်ငန်းဆပ်ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်ထားရှိမှုအခြေအနေများအား ဦးစားပေးအလိုက် အသေးစိတ်ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြခဲ့မှုအပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မြဝတီ)

# သဘာဝဘေးကြောင့်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်မည့်အခြေအနေအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သဘာဝဘေးကြောင့်ပျက်စီးခဲ့သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးသည့်အခြေအနေ၊ အခိုင်အမာပြင်ဆင်တည်ဆောက်မည့်အစီအမံနှင့် ဆင်သေချောင်း၏ ပြင်ဆင်ထိန်းသိမ်းခြင်းဆောင်ရွက်ရမည့်အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆင်သေချောင်းတံတား(ပုပ္ပားကုန်း)သို့ရောက်ရှိရာ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းက ဆင်သေချောင်းတံတား(ပုပ္ပားကုန်း)တံတားထိပ်ခုံနှင့်ချဉ်းကပ်လမ်းတို့၏ မူလပျက်စီးမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေ၊ ပုပ္ပားကုန်းတံတားနှင့် ဒိုးပင်ခုံတံတားနှစ်စင်းအကြား လမ်းတာပေါင်မူလပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး တံတားနှစ်စင်း၏ကြံ့ခိုင်မှု၊ ဆင်သေချောင်း၏ ရေစီးဆင်းမှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးမြင့်သာယာတံတားသို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားထိပ်ခုံပျက်စီးခဲ့မှုနှင့်တံတားကြံ့ခိုင်မှုအခြေအနေ၊ ပြင်ဆင်ဆောင်ရွက်မည့် နည်းလမ်းများနှင့်အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးကြပ်မတ်ရန် မှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆင်သေချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းများကောင်းမွန်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုအဆင့် ပတ်လည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းတွင် အုပ်စုအဆင့်ပွဲစဉ်များ စတင်ကျင်းပရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအသင်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စုအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးရုံးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းအသင်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးဝန်ကြီးရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ စုစုပေါင်းအသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်းသိရသည်။

(မြဝတီ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Banana plants grown on more than 600 acres of land in Kanbalu District

KANBULU September 23

Kanbalu District Agriculture Department stated that a total of 647 acres of croplands has been placed under banana plants in Kanbalu District of Sagaing Region this year.

In Kanbalu District, local authorities earmarked 622 acres of banana this monsoon but local farmers planted 441 acres of banana in Kanbalu Township and 206 acres in Kyunhla Township, totalling 647 acres exceeding the target cultivation.

Daw Mar Mar Win, Staff Officer of the district said: "Kanbalu District earmarked cultivation of 622 acres of banana but local farmers have exceeded cultivation of banana on 647 acres of land. They grow banana on dykes of paddy fields. So, the plants are free from pests when farmers spray paddy fields."

In 2024-2025 financial year, Kanbalu Township earmarked 416 acres of banana and Kyunhla Township 206 acres, totalling 622.

Each acre of land can accommodate some 1,000 banana plants. Local farmers cost some Ks-2 million per acre of banana but earn some Ks-5 million per acre.



Kanbalu District Agriculture Department raised farmer awareness of prevention of chemical residue at crops, use of pests under set limit for pest prevention and good agricultural practices.

**SMK**

# Tanintharyi Township expands coffee and cocoa cultivation in this financial year



TANINTHAYI September 23

In the 2024-2025 financial year, 197 acres of coffee plants were cultivated in Tanintharyi Township, Myeik District, Tanintharyi Region, to provide additional income for local farmers. The Tanintharyi Township Department of Agriculture also facilitated the growing of 30 acres of cocoa trees.

"Due to the decline in areca nut prices, which has reduced local farmers' income, our department encouraged farmers to diversify by planting coffee and cocoa trees as mix-crops in the areca palm plants to boost their incomes. As a result, we were able to expand the cultivation by growing 30 acres of coffee and cocoa trees," said U Zaw Zaw, Head of the Tanintharyi Township Agriculture Department.

This year, the Department of Agriculture provided 85,000 coffee saplings and 12,000 cocoa saplings to local farmers free of charge to support their efforts. A total of 227 acres of land will be placed under coffee and cocoa plantations by the end of the year to meet the target acreage.

Rubber and areca palm plants are the main perennial crops in Tanininthayi Township. By encouraging the planting of coffee and cocoa as mixed crops in rubber and areca palm plantations, the department aims to improve land use efficiency, increase farmers' incomes, and raise socioeconomic life. The initiative also seeks to provide more employment opportunities and penetrate Myanmar's coffee into the global market by offering farmers with technical support and free seedlings.

As of 31 August 2024, local farmers have grown 197 acres of coffee and 30 acres of cocoa meeting the target. A total of 114 acres of horticultural farm and 183 forest reserved were utilized as 227 sown acres of coffee and cocoa plants.

**SMK**

# More than 7,000 acres of vegetables thrive in KhinU Township

KHINU September 23

According to the statistics of KhinU Township Agriculture Department, a total of 7,887 acres of vegetables has been planted in KhinU Township of Sagaing Region this monsoon.

Local farmers have so far planted 7,887 acres of vegetables against the target of 10,479 acres in KhinU Township in 2024-2025 monsoon season.

U Nay Win Naing, Head of KhinU Township Agriculture Department clarified: "Local authorities set a plan to grow more than 10,000 acres of vegetables in KhinU Township but local farmers planted more than 7,000 acres of vegetables. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplants, cauliflowers, Chinese cabbage and other crops. We share agricultural techniques with local farmers to use GAP system in growing crops. Moreover, we urged local farmers to produce vegetables with least chemical residues."

Officials of the township Agriculture Department helped local farmers expand sown acreage of vegetable plants with agricultural techniques.

Local farmers earn increased incomes from vegetable plantations. Officials from the Township Agriculture Department share correct agricultural techniques, prevention of pests, and use of natural fertilizers.

**SK**

# Sundried salt weighing 85,000 viss sent to Yangon market

PYAPON September 23

"Pyapon Township of Ayeyawady Region shipped 85,000 viss of sundried salt to Yangon market," said Daw Mar Mar Yi, the owner of salt produ-ction in Pyapon Township.

Daw Mar Mar Yi commented: "Local salt farmers dispatch sundried salt to Yangon market. In consequence, local salt farmers and those in salt production chain are convenient in daily routine of their businesses."

Salt entrepreneurs produce sundried salt in Pyapon Township systematically and send it to Yangon market. Sundried salt is used in fish processing industries.

**SK**

# Myanmar to handle forced labour complaints via National Complaint Mechanism

NAY PYI TAW September 23

Myanmar has officially declared that all forced labour complaints will now be managed through the National Complaint Mechanism (NCM).

Since 2007, Myanmar has been working alongside the International Labour Organization (ILO) and various government ministries to address forced labour issues.

In 2020, the National Complaint Mechanism was formally established, comprising representatives from relevant ministries, including the Ministry of Labour, the Myanmar National Human Rights Commission, employer groups, and labour organizations. This national-level mechanism aims to provide a more transparent and accountable process for handling forced labour complaints.

Citizens can report forced labour complaints through several avenues, including the State Administration Council Office, regional and state government offices, the Nay Pyi Taw Council, the Myanmar National Human Rights Commission, and the ILO Liaison Office in Yangon.

Additionally, complaints can be submitted directly to Office No 51 of the Ministry of Labour in Nay Pyi Taw in person, or by mail, phone, or email. The official email addresses for submitting complaints are direct-orgeneral.dol@gmail.com, moloffice51@gmail.com, and re-search.org.dol.mm@gmail.com.

The Ministry of Labour and the National Complaint Mechanism office have assured the public that all complaints will be handled with strict confidentiality, providing a secure environment for complainants and victims of forced labour to come forward.

**SMK**

# Rising domestic and foreign demand boosts red bean market in Mandalay



MANDALAY September 23

"Domestic and foreign purchases boosted red bean market in Mandalay," said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

In addition to the current domestic market, the purchase of red bean from abroad has also increased, and it is reported that the sale of red bean in the Mandalay market has been improving recently.

"Currently, trade has recovered due to increased purchases by traders in the Mandalay market. Trading has recovered due to purchases of red beans, which are mainly exported to China," he continued.

Due to the large number of purchases of red beans from abroad, transactions in the local market are recovering.

"Recently, there has been an increase in the number of merchants who trade in red beans within the commodity depot," he continued.

**SK**

# Kachin State eyes tourism development

MYITKYINA September 23

New business licences were approved at the first coordination meeting of the Kachin State Tourism Committee.

The Kachin State Tourism Committee announced the approval of new business licences for regional tourism development during its coordination meeting 1/2024 on 4 September.

The meeting reviewed four applications for hotel and inn licence renewals, five new hotel business licences, and three new lodging house licences, along with future plans for tourism growth.

A total of 78 guesthouse business licences and 64 tour company licences have been approved to reportedly support the region's tourism industry.

The Kachin State Chief Minister stressed the importance of analyzing the strengths and weaknesses of tourist destinations to ensure high-quality services in developing new regional attractions.

**SMK**

# Farmers finish cultivation of maize and corns in Mingin Township



MINGIN September 23

The statistics of Mingin Township Agriculture Department stated that a total of 3,163 acres of croplands have been placed under maize and corns in Mingin Township of Sagaing Region this monsoon.

In 2024-2025 monsoon season, the township earmarked cultivation of 529 acres of maize and 3,301 acres of corns but local farmers started cultivation of 618 acres of maize and 2,545 acres of corns, totalling 3,163 acres.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department stated: "This year, township authorities set a plan to grow more than 3,800 acres of maize and corns but local farmers have so far planted more than 3,100 acres against the target. We are giving a helping hand to local farmers to have thriving of crops with prevention of pests."

This year, the department will conduct training for local farmers to grow maize and corns, field demonstrations, prevention of pests including FAW, use of pesticides and making natural fertilizers.

Maize yields more than 50 baskets per acre, costing Ks-500,000 per acre, and corns, 15,000 pieces of corns per acres with more than Ks-500,000 cost.

**SK**

# Monsoon paddy planted on more than 50,000 acres in Indaw Township

INDAW September 23

A total of 51,260 acres of monsoon paddy has been planted in Indaw Township of Sagaing Region this monsoon, according to the township agriculture department.

Local authorities of Indaw Township earmarked cultivation of 55,980 acres of monsoon paddy in 2024-2025 monsoon but local farmers planted 51,620 acres of paddy.

U Thein Khaing, Head of Indaw Township Agriculture Department said: "Local farmers have so far planted more than 51,000 acres of monsoon paddy against the target of 55,000 acres this monsoon. Our department helps local farmers grow monsoon paddy meet the target and makes field trips to local farmlands for cultivation of paddy in time and for boosting production."

This monsoon, officials of Township Agriculture Department cooperate with local farmers in systematic cultivation of monsoon paddy without difficulties.

Moreover, officials of Township Agriculture Department performed sharing of agricultural techniques with local farmers, prevention of pests, minimizing loss and damage of crops and keeping crops under shelters in time.

Staff members of the township agriculture department carry out selection of quality strains of crops, prevention of pests, weeding, abstraction of different strains of crops and systematic broadcasting of fertilizers so as to increase per-acre yield of crops.

**SMK**

# Researchers tap into how one shark is able to live for 400 years

GREENLAND September 23

The shark is large, sluggish, and can be found in the deep waters of the North Atlantic. They don't reach sexual maturity until they are 150 years old, therefore their population is believed to still be recovering from over-fishing prior to World War II.


The Greenland shark is an animal with the stunning ability to live for as long as 400 years. Now, an international group of scientists from Europe and the US are mapping the genome of the shark, which will help researchers better understand how the animal is able to live for so long, a report from the New York Times detailed.

According to the research, which was published as a preprint in bioRxiv, the sharks possess exceptionally large genomes with about 6.5 billion DNA "base pairs". That is twice as many as is found in humans, making it one of the largest non-tetrapod genomes sequenced so far.

Beyond that, the scientists also discovered the genome to be composed of repeated genes which are known as "jumping genes". These genres are able toself replicate after inserting themselves in others, like a "genomic parasite" Hoffmann explained. This can disrupt the normal functioning of genes and cause diseases or developmental issues in an organism, the report explained.

But the researchers have hypothesized that evolution has catered to the Greenland shark, allowing it to take control of these "genomic parasites" and use them in DNA repair.

João Pedro de Magalhães, a molecular biogerontologist who was not involved in the study, said research on the shark's extraordinary genome may help scientists "develop cancer therapies or prevention measures, or a greater fundamental understanding of cancer that will lead to clinical benefits" for people.



A separate team of researchers were stunned in 2016 when they discovered that one female Greenland shark had likely been alive for 400 years, after they set out to determine the ages of 28 of these fascinating vertebrates. The sharks are large and can grow up to 5 meters (16.5 feet) in length and reach sexual maturity at age 150.

The determination of the shark's age was not exact, but researchers guess she could have been between 272 and 512 years old, making her likely 400 years old - which means her date of birth would belong some time to the 17th Century.

The discovery of the shark's age made it the new record-holder for the world's oldest vertebrate. However, the record for the oldest living invertebrate belongs to a 507-year-old clam named Ming, and the oldest living land animal was a Seychelles giant tortoise named Jonathan who was over 190 years old.

**Sputnik**

# Death toll from latest Israeli strikes on Lebanon rises to 182: ministry

BEIRUT September 23

The Death toll in Israeli airstrikes on Monday on southern and eastern Lebanon rose to 182, and 727 others were injured, according to a statement by the Lebanese Health Ministry.



The ministry added that the casualties include women, children, and paramedics.

Lebanese military sources, speaking on condition of anonymity, told Xinhua that Israeli warplanes on Monday carried out more than 300 air raids on large areas in eastern and southern Lebanon, targeting around 60 towns in southern and eastern Lebanon.

"The Lebanese Red Cross and Civil Defence vehicles are working to transport the injured to hospitals across southern and eastern Lebanon," the sources said.

Meanwhile, Hezbollah said in a statement, "In response to the enemy's attacks that targeted areas in the south and the Bekaa Valley, the Islamic Resistance fighters bombed the reserve headquarters of the Israeli army's northern corps, Galilee Division Reserve Base, and its stores of logistics at Ami'ad Base as well as Rafael's military-industrial complexes in Zevulun area, north of Haifa with dozens of missiles."

**Xinhua**

# Australian researchers discover new cells in world-first

CANBERRA September 23

Australian researchers have discovered new cells in a world-first that they say could enhance future human tissue repair and generation.

In a study published on Monday, a team from the South Australian Health and Medical Research Institute discovered the cells that can transform into two previously-known types of cells: endothelial cells that form blood vessels and macrophages, which are responsible for tissue repair and defense.

Named EndoMac progenitors, the new cells were discovered in the outer layer of aortas in adult mice.

The team said that the existence of cells with similar functions has been theorized for over a century but that they had never been found. The discovery was the result of nine years of work by the researchers.

They found that the cells are activated by injury or poor blood flow, at which point they rapidly expand to aid healing.

Ongoing research suggests that the EndoMac progenitors could be used to boost healing in conditions like diabetes where the body struggles to properly repair itself.

"When we transplanted these progenitors into diabetic wounds, we saw a dramatic improvement in healing within days," Sanuri Liyange, a member of the research team, said in a media release.

"In theory, this could become a game-changer for patients suffering from chronic wounds."

She said that the discovery was a promising development for creating more effective treatments that support the body's ability to heal and maintain function over time.

**Xinhua**

# Eight dead in lightning incident in central India

NEW DELHI September 23

At least eight people, including six school children, died and one was injured when lightning struck them amid rains in India's central state of Chhattisgarh on Monday, confirmed a local police official.

The incident took place in the afternoon when children were returning from school in Joratarai Village of the state's Rajnandgaon District, added the cop.

Chhattisgarh is one of the states in India that is particularly susceptible to lightning-related fatalities. Earlier this month, seven men had died and three were injured in a similar incident in the state's Balodabazar-Bhatapara District.

**Xinhua**

# 15 killed, 61 injured in paramilitary forces attack in Sudan's Omdurman city

KHARTOUM September 23

At least 15 people were killed and 61 others injured in an artillery attack by the paramilitary Rapid Support Forces (RSF) on a crowded civilian market in Omdurman city, north of the Sudanese capital Khartoum, Khartoum State's Health Ministry announced on Monday.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Simple blood test that could revolutionise care for patients with multiple sclerosis and prevent disability



A simple blood test could revolutionise care for patients with multiple sclerosis and prevent disability, according to research.

Markers in the blood can predict how the disease will develop and what drugs will be effective, the study found.

MS is a debilitating condition that affects the brain and spinal cord and leaves people with mobility issues, memory loss and fatigue.

There are two main types of MS: relapsing remitting, in which symptoms flare and subside for periods, and primary progressive, in which there are no periods of remission and symptoms worsen steadily, leaving the suffering disabled.

Many patients with relapsing remitting MS develop the primary progressive form.

There is no cure but some treatment can slow progression and ease symptoms, so offering the right medication at the right time is key to keeping patients well for as long as possible. Researchers found patients with high levels of a protein that indicates nerve damage were 45 per cent more likely to suffer relapses. They showed significant benefits from more specialised drugs.


The findings, unveiled at the Congress of the European Committee for Treatment and Research in Multiple Sclerosis this week, in Copenhagen, could benefit the 130,000 people who live with MS in the UK, and the nearly 7,000 people who are newly diagnosed each year.

'The results of this study underscore the critical need for personalised treatment approaches,' said Dr Enric Monreal, an MS specialist in Madrid and author of the study.

'Measuring levels at disease onset, we gain valuable insights into the progression pathways of MS, enabling clinicians to identify the optimal patients for specific drugs. This approach aims to avoid unnecessary treatment-related risks.'

**Mail Online**

# Tiny plastic grains that are injected into your knee - and can end agony of arthritis in the knee



Injecting tiny grains of plastic into the knee joint could offer hope to patients crippled by arthritis pain, NHS research suggests.

The ground-breaking technique requires only a local anaesthetic, a few hours in hospital and leaves little, if any, scarring.

Some 40 knee arthritis sufferers have undergone the treatment, called genicular arterial embolisation, as part of a trial by the Royal Berkshire NHS Foundation Trust and University of Reading.

Two-thirds reported swelling significantly lessened and more than half had improvements in pain.

Osteoarthritis, as it is known medically, affects 10 million people in the UK, according to charity Versus Arthritis. The disease is caused when the lining of the knee, the synovium, becomes swollen and painful.

This stops the knee working properly, causing the cartilage that cushions the ends of the bones in a joint to wear away.

The operation targets new 'faulty' blood vessels that grow in the synovium, releasing chemicals that start the cycle of pain and inflammation.

Patient Tim Cooper, 67, joined the trial after being kept awake by the aching in his left knee, struggling to climb stairs and being unable to garden or go walking. But the retired manager for the Ministry of Defence says undergoing the procedure in 2021 has transformed his life as he no longer has any symptoms.

The Navy veteran, from Gosport in Hampshire, has since taken up bee-keeping, tends several allotment plots and walks fostered rescue dogs for five miles a day.

Mr Cooper says: 'It has made such a big difference to my life. I was in constant pain and it restricted what I could do so much. Now it is just the same as the other knee.

'I have always loved being outside, and I couldn't walk or garden, doing the things that make life enjoyable. This has given me my life back.'

Professor Mark Little, a radiologist at the Royal Berkshire Hospital in Reading, started the trial after finding blocking blood vessels – a type of procedure called embolisation – was a successful treatment for other conditions. Embolisation is used to treat enlarged prostates, benign womb growths and liver tumours – and it can stop major bleeding after accidents.

During the new knee version of the op, a patient is injected with a local anaesthetic before a needle is used to access an artery in the groin.

A narrow hollow tube is fed down the main blood vessel supplying the knee, guided by an X-ray machine.

Tiny amounts of liquid carrying the plastic beads, which are the size of grains of sand, are then injected via the catheter. These travel into the faulty blood vessels in the synovium, blocking blood flow.

Doing so halts the production of chemicals that trigger inflammation, easing pain and swelling. Professor Little says: 'If we can stop these chemical messengers where they are made, our theory is we can halt the inflammation and perhaps pause the disease.

'This can drastically reduce the level of pain and possibly prevent so many people needing knee replacements. While it doesn't work for everyone, it offers a hopeful and exciting new option.'

'The procedure is best for patients with mild to moderate disease, which hasn't responded to the standard treatment such as painkillers and physiotherapy but whose condition isn't bad enough for a knee replacement.

Nine of the original 40 operated on did subsequently have knee replacements. Six more who were initially in the study were found to be unsuitable for the procedure. **Mail Online**

## SPACE

### ISS ၌ စံချိန်တင်နေထိုင်သည့် ရုရှားအာကာသယာဉ်မှူးများ ကမ္ဘာမြေပေါ်သို့ပြန်ရောက်

နိုင်ငံတကာအာကာသစခန်း (ISS) မှာ ရက်ပေါင်းများစွာကြာ စံချိန်တင်နေထိုင်နိုင်ခဲ့တဲ့ ရုရှားအာကာသယာဉ်မှူးများက စက်တင်ဘာလ ၂၃ ရက်မှာ ကမ္ဘာမြေပြင်ပေါ်ကို ပြန်လည်ဆင်းသက်ရောက်ရှိလာပါပြီ။

ရုရှားအာကာသယာဉ်မှူးများဖြစ်တဲ့ အိုလက်ကိုနိုနန်ကိုနဲ့ နီကိုလိုင်းချပ်တို့က ISS မှာ ၃၇၄ ရက်ကြာနေထိုင်နိုင်ခဲ့တာပါ။ ဒီလိုနေထိုင်နိုင်မှုဟာ ဘယ်သူမှမလုပ်နိုင်တဲ့စံချိန်ကိုတင်လိုက်နိုင်တာဖြစ်ပါတယ်။

အိုလက်ကိုနိုနန်ကိုဆိုရင် ISS ဆီကို ငါးကြိမ်သွားရောက်ပြီးနောက် ရက်ပေါင်း ၁၁၁၁ ရက်အထိနေထိုင်နိုင်ခဲ့တဲ့ တစ်ဦးတည်းသော အာကာသယာဉ်မှူးအဖြစ် ထပ်မံစံချိန်တင်လိုက်ပါတယ်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦးအပြင် အမေရိကန်မှ အာကာသယာဉ်မှူး ထရေစီဒိုင်ဆန်အပါအဝင် အာကာသယာဉ်မှူးသုံးဦးကို Soyuz MS-25 ယာဉ်ငယ်က ပြန်လည်သယ်ဆောင်ပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၈ မိနစ်မှာ ကာဇက်စတန်မြေပေါ်ကို ဆင်းသက်လာတာပါ။

ရုရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ကြားတင်းမာမှုတွေဖြစ်ပေါ်ပြီးနောက် ရုရှားက ISS ကနေနုတ်ထွက်ပြီး ကိုယ်ပိုင်အာကာသစခန်းတည်ဆောက်ဖို့ ပြင်ဆင်မှုတွေလုပ်နေတာရှိပါတယ်။

ဒီလိုအခြေအနေမျိုးမှာမှ ရုရှားနဲ့အမေရိကန်အာကာသယာဉ်မှူးတွေပူးပေါင်းပြီး ယာဉ်တစ်စင်းထဲမှာ အတူတူလိုက်ပါလာတဲ့ဖြစ်စဉ်ဟာ လက်ရှိအနေအထားနဲ့ဆိုရင်တော့ ရှားပါးဖြစ်စဉ်တစ်ခုဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

**Ref: TST**
**K.H**



### SpaceX က နှစ်နှစ်အတွင်း အာကာသယာဉ်ငါးစင်းကို အင်္ဂါဂြိုဟ်သို့စေလွှတ်မည်

SpaceX ကုမ္ပဏီက နှစ်နှစ်အတွင်းမှာ လူမဲ့အာကာသယာဉ်ငါးစင်းကို အင်္ဂါဂြိုဟ်ဆီကိုစေလွှတ်သွားမယ်လို့ အီလွန်မက်က ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒီလိုစီစဉ်ရတာဟာ ကမ္ဘာဂြိုဟ်-အင်္ဂါဂြိုဟ်ကူးပြောင်းမှုပြတင်းပေါက်ဆိုတဲ့ မဟာအစီအစဉ်ကြီးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

လူမဲ့အာကာသယာဉ်ငါးစင်းကို အင်္ဂါဂြိုဟ်ဆီအောင်မြင်စွာစေလွှတ်လိုက်နိုင်တယ်ဆိုရင် အနာဂတ်မှာ လူလိုက်ပါတဲ့ အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် အချိန်ဇယားရေးဆွဲလို့ရပြီဖြစ်ကြောင်း အီလွန်မက်က ပြောထားပါသေးတယ်။

လူသားတွေအားလုံးဟာ နောက်ပိုင်းမှာ အင်္ဂါဂြိုဟ်ဆီကိုအသွားအပြန်လုပ်လို့ရတဲ့အနေအထားအထိ ရောက်ရှိစေဖို့ကို SpaceX ကဆောင်ရွက်သွားမယ်လို့လည်း အီလွန်မက်ကပြောထားတာကိုတွေ့ရပါတယ်။

ဒီလိုသွားလာနိုင်ဖို့အတွက် SpaceX က Starship အာကာသယာဉ်ကိုအသုံးပြုသွားမှာဖြစ်ပါတယ်။ Starship အာကာသယာဉ်ဆိုတာက NASA ရဲ့ Artemis အစီအစဉ်မှာ အလွန်အရေးကြီးတဲ့နေရာကနေ ပါဝင်နေတာဖြစ်ပါတယ်။

**Ref: IE**
**K.H**



## HEALTH

### နို့နှင့်အသားမှပရိုတင်းဓာတ်များက ကင်ဆာဖြစ်မှုကိုဟန့်တားနိုင်



ဂျပန်သုတေသနပညာရှင်များက နို့နဲ့ အသားကနေရရှိတဲ့ ပရိုတင်းဓာတ်များကဲ့သို့ အစားအစာများမှရရှိတဲ့ antigen (ပဋိပစ္စည်းဖြစ်ရန်လှုံ့ဆော်ပေးသောပစ္စည်း) များဟာ ကင်ဆာအကျိတ်ဖြစ်မှုကိုဟန့်တားပေးနိုင်တယ်လို့ တွေ့ရှိလိုက်ပါတယ်။

သူတို့ရဲ့စမ်းသပ်မှုမှာ ဒီပရိုတင်းတွေက ကိုယ်ခံအားစနစ်ရဲ့ကလာပ်စည်းတွေကို နှိုးဆွပေးခြင်းအားဖြင့် အူသိမ်ထဲမှာ ကင်ဆာအကျိတ်ဖြစ်ပေါ်မှုကို ဟန့်တားပေးနိုင်တာတွေ့ရပါတယ်။

ဒါကြောင့် antigen မပါဝင်တဲ့အစာအာဟာရတွေကိုစားသုံးခြင်းက ကင်ဆာဖြစ်မှုဆီကို ဦးတည်နိုင်စေတယ်လို့ RIKEN သုတေသနဌာနမှ သုတေသီများက မှတ်ချက်ပြုထားပါတယ်။

တချို့အစားအစာမှာပါဝင်တဲ့ antigen များဟာ ဓာတ်မတည့်မှုကိုဖြစ်စေနိုင်သလို တချို့ antigen များကျတော့ အဲဒီလိုမဖြစ်ပေမယ့် သူတို့ကိုပြင်ပမှဝင်ရောက်လာတဲ့အရာဝတ္ထုများအဖြစ် ကိုယ်ခံအားစနစ်က သတ်မှတ်ထားပါတယ်။

ဒါကြောင့်ပဲ ကိုယ်ခံအားစနစ်မှာပါဝင်တဲ့ ကလာပ်စည်းတွေက အဲဒီ antigen တွေဝင်လာတဲ့အခါ နိုးထလာပြီး သူ့ရဲ့လုပ်ငန်းဆောင်တာများကိုလုပ်ခြင်းအားဖြင့် ကင်ဆာအကျိတ်များဖြစ်ပေါ်မှုကို ထိရောက်စွာဟန့်တားလိုက်နိုင်တာဖြစ်တယ်ဆိုပြီး သုတေသီတွေကပြောပါတယ်။ **Ref: STD**
**K.H**

### ဆီးချိုဆေးဝါးများက အယ်ဇိုင်းမားနှင့်ပါကင်ဆန်ဖြစ်မှုကို လျှော့ချပေးနိုင်



ဆီးချိုရောဂါအတွက်သောက်နေရတဲ့ ဆေးဝါးများက အယ်ဇိုင်းမားရောဂါနဲ့ ပါကင်ဆန်ရောဂါဖြစ်ပွားနိုင်မှုကို လျှော့ချပေးနိုင်တယ်လို့ အမေရိကန်သုတေသနတစ်ခုမှာဖော်ပြထားပါတယ်။

ဒီဆေးတွေသုံးစွဲခြင်းကြောင့် အယ်ဇိုင်းမားနဲ့ ပါကင်ဆန်ရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်တဲ့ပမာဏက ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိပါတယ်။

သုတေသီတွေဟာ သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်ပေးတဲ့ SGLT2 အမျိုးအစားကို အဓိကဦးစားပေးပြီး လေ့လာမှုတွေလုပ်ခဲ့တာပါ။ သူ့ရဲ့အဓိကလုပ်ဆောင်ချက်က ကိုယ်တွင်းရှိပိုလျှံနေတဲ့သကြားဓာတ်တွေကို ဆီးကနေတစ်ဆင့်စွန့်ထုတ်စေတဲ့အလုပ်ကိုလုပ်တာပါ။

ငါးနှစ်တာစမ်းသပ်မှုမှာ အခုလိုမျိုးတွေ့ရှိထားပေမယ့်လည်း ဒီထက်ပိုပြီးသိရှိနိုင်စေဖို့ သုတေသနတွေဆက်လုပ်ရဦးမယ်လို့ တောင်ကိုရီးယားမှ သုတေသီများက ပြောပါတယ်။

**Ref: STD**
**K.H**

### ဆေးနှစ်လုံးထိုးရုံဖြင့် HIV ပိုးကူးစက်မှုကိုကာကွယ်နိုင်မည်

မက်ဆာချူးဆက်နည်းပညာတက္ကသိုလ် (MIT) မှသုတေသနပညာရှင်များက ဆေးနှစ်လုံးထိုးရုံဖြင့် HIV ပိုးကူးစက်မှုကိုကာကွယ်နိုင်မည့်နည်းလမ်းကို ဖော်ထုတ်နိုင်ပါပြီ။ HIV ပိုးဆိုတာ အလွန်မှကူးစက်မြန်တာကြောင့် ထိရောက်တဲ့ကာကွယ်ဆေးကိုမထုတ်လုပ်နိုင်သေးတာပါ။

အခုတော့ MIT မှသုတေသနပညာရှင်များက သီတင်းပတ်တစ်ပတ်ခြားပြီး ဆေးတစ်လုံးစီထိုးရုံနဲ့ များပြားပြင်းထန်လှတဲ့ ကိုယ်ခံအားတုံ့ပြန်မှုကို ရရှိနိုင်စေမယ့် နည်းလမ်းကို ဖော်ထုတ်လိုက်နိုင်တာဖြစ်ပါတယ်။



ပထမတစ်ကြိမ်ဆေးထိုးပေးခြင်းက ကိုယ်ခံအားစနစ်အနေဖြင့် ဒုတိယအကြိမ်ထိုးလာမည့်ဆေးများအတွက် ကြိုတင်ပြင်ဆင်နိုင်စေရန်ဖြစ်ကြောင်းနှင့် တစ်ကြိမ်နှင့်တစ်ကြိမ်ဆေးပမာဏသည်လည်း တူညီမှုမရှိကြောင်း MIT မှသုတေသနပညာရှင်များကပြောထားသည်။

**Ref: MIT**
**K.H**

# နျူကလီးယားစမ်းသပ်မှုကို အမေရိကန်ဘက်က မစတင်သမျှ ရုရှားကလည်းလုပ်ဆောင်မည်မဟုတ်

**မော်စကို၊ ပြည်တွင်းရေး**

နျူကလီးယားလက်နက်စမ်းသပ်မှုကို အမေရိကန်ဘက်က မစတင်သမျှကာလပတ်လုံး ရုရှားကလည်းလုပ်ဆောင်မည်မဟုတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ လက်နက်ထိန်းချုပ်ရေးတာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၂၃ ရက်တွင် ပြောသည်။

အမေရိကန်နှင့်ဥရောပမဟာမိတ်အဖွဲ့များက ယူကရိန်းကိုထောက်ပံ့ပေးထားသည့် လက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းပိုင်းအထိ တိုက်ခိုက်ခွင့်ပြုပြီးနောက် ရုရှားက နျူကလီးယားလက်နက်စမ်းသပ်မှုများကိုလုပ်ဆောင်လာနိုင်သည်ဟူသော ပြောဆိုချက်များအပေါ် ရုရှားတာဝန်ရှိသူက ယခုကဲ့သို့တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ပူတင်ကလည်း ယူကရိန်းပဋိပက္ခတွင်အနိုင်ရရှိရေးအတွက် နျူကလီးယားလက်နက်ကို အသုံးပြုရန်မလိုအပ်ကြောင်း ပြောထားသည်။

ရုရှားနိုင်ငံ၏ နျူကလီးယားစမ်းသပ်ရာနေရာဖြစ်သည့် နိုဗာယာဇမ်လိုင်ယာမှ အကြီးအကဲက နျူကလီးယားစမ်းသပ်မှုလုပ်ဆောင်ရန်အသင့်ဖြစ်နေပြီဖြစ်သည်ဟု ထုတ်ပြန်ပြီးနောက် ရုရှားတာဝန်ရှိသူများက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

အလားတူ နျူကလီးယားစမ်းသပ်ရာနေရာကိုအသင့်ပြင်ဆင်ထားခြင်းသည် နျူကလီးယားစမ်းသပ်မှုအခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်မှုများလုပ်နေသည့် အမေရိကန်နိုင်ငံ၏လုပ်ဆောင်ချက်များကို တုံ့ပြန်နိုင်ရေးအတွက် အသင့်ရှိနေသည့်သဘောပင်ဖြစ်ကြောင်း ရုရှားလက်နက်ထိန်းချုပ်ရေးမူဝါဒအကြီးအကဲဖြစ်သည့် ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

Ref: TST



# အိန္ဒိယ၌ ပထမဆုံးအကြိမ် ကူးစက်မြန်မျောက်ကျောက်ရောဂါဖြစ်ပွား

**နယူးဒေလီ၊ ကျန်းမာရေး**

အိန္ဒိယနိုင်ငံ၌ ပထမဆုံးအကြိမ်ကူးစက်မြန်မျောက်ကျောက်ရောဂါဖြစ်ပွားမှုရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါရောဂါဖြစ်ပွားသူမှာ ကီရာလာပြည်နယ်မှအမျိုးသားတစ်ဦးဖြစ်ပြီး Clade 1b အမျိုးအစားမျောက်ကျောက်ရောဂါပိုးကူးစက်ခံရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မနီရှာဗာမာကပြောသည်။

ရောဂါကူးစက်ခံရသူသည် အသက် ၃၈ နှစ်ရှိပြီး အာရပ်စော်ဘွားများပြည်ထောင်စုမှပြန်လာသူဖြစ်ကာ ပြည်နယ်အတွင်းရှိ အစိုးရဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကမ္ဘာ့လူဦးရေအများဆုံးရှိသည့် အိန္ဒိယနိုင်ငံ၌ အလားတူမျောက်ကျောက်ရောဂါဖြစ်ပွားမှုများမရှိသေးသော်လည်း ပြည်သူများအနေဖြင့် သတိဝီရိယကြီးစွာထားပြီး ဂရုတစိုက်နေထိုင်ကြရန် တာဝန်ရှိသူများကသတိပေးထားသည်။

အိန္ဒိယ၌ ၂၀၂၂ ခုနှစ်မှ ယခုနှစ်မတ်လအထိ Clade 2 မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၃၀ ခန့်နှင့် သေဆုံးသူတစ်ဦးရှိထားကြောင်းသိရသည်။

Ref: TST



# ထိုင်း၌ ဆီလီကွန်ချစ်ပြားထုတ်လုပ်သည့်ပထမဆုံးစက်ရုံ တည်ဆောက်မည်

**ဘန်ကောက်၊ ရင်းနှီးမြှုပ်နှံမှု**

ထိုင်းနိုင်ငံ၌ ဆီလီကွန်ချစ်ပြားများထုတ်လုပ်သည့်ပထမဆုံးစက်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က စက်တင်ဘာလ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါစက်ရုံမှ ဆီလီကွန်ချစ်ပြားများထုတ်လုပ်မှုကို နှစ်နှစ်အတွင်းစတင်သွားမည်ဖြစ်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဘတ် ၁၁ ဒသမ ၅ ဘီလီယံရှိသည်။

ထိုစက်ရုံတည်ဆောက်နိုင်ခြင်းကြောင့် နိုင်ငံအတွင်း လျှပ်စစ်ကားများ၊ ဒေတာစင်တာများနှင့် စွမ်းအင်သိုလှောင်စနစ်များအတွက်လိုအပ်မှုများကို ကောင်းစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ပထမဆုံးဆီလီကွန်ချစ်ပြားထုတ်လုပ်ရေးစက်ရုံကို ဟာနာမိုက်ခရိုအီလက်ထရွန်နစ်ကုမ္ပဏီနှင့် PTT ကုမ္ပဏီတို့က ပူးတွဲတည်ဆောက်သွားမည်ဖြစ်သည်။

ယင်းသို့စက်ရုံကိုတည်ဆောက်နိုင်ခြင်းကြောင့် ထိုင်းနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံမှ နည်းပညာများကိုလည်း လွှဲပြောင်းလက်ခံရရှိမည်ဖြစ်ကြောင်းနှင့် ပထမဆုံးထုတ်လုပ်မှုကို ၂၀၂၇ ခုနှစ် ပထမသုံးလပတ်တွင်စတင်မည်ဖြစ်ကြောင်းသိရသည်။

Ref: NT

## သတင်းတိုကဏ္ဍ

### အစ္စရေးက လက်ဘနွန်ကိုတိုက်ခိုက်မှု တစ်ရက်အတွင်း ၁၈၂ ဦးသေဆုံး

အစ္စရေးက စက်တင်ဘာလ ၂၃ ရက်တွင် လက်ဘနွန်ကိုတိုက်ခိုက်မှုကြောင့် တစ်ရက်အတွင်းမှာပင် လက်ဘနွန်ပြည်သူ ၁၈၂ ဦးသေဆုံးကြောင်းသိရသည်။

အစ္စရေးသည် လက်ဘနွန်နိုင်ငံအရှေ့ပိုင်းနှင့်တောင်ပိုင်းတို့ကို လေကြောင်းမှတိုက်ခိုက်ခြင်းဖြစ်ပြီး အမျိုးသမီးများနှင့်ကလေးငယ်များအပါအဝင် ဒဏ်ရာရရှိသူ ၇၂၇ ဦးရှိကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သည်။

အစ္စရေးစစ်လေယာဉ်များသည် မြို့ပေါင်း ၆၀ ဝန်းကျင်ကိုပစ်မှတ်ထားကာ တိုက်ခိုက်မှုပေါင်း ၃၀၀ ကျော်လုပ်ဆောင်ခြင်းဖြစ်ကြောင်း လက်ဘနွန်စစ်ဘက်ကထုတ်ပြန်ထားသည်။

အပြန်အလှန်အားဖြင့် ဟစ်ဇဘိုလာတပ်ဖွဲ့များက အစ္စရေးစစ်စခန်းများကို ဗုံးများဖြင့်တိုက်ခိုက်မှုလုပ်ဆောင်သည်ဟု ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: Xinhua

### ထိုင်းက လုပ်ခလစာတိုးမြှင့်မှုကို ခေတ္တဆိုင်းငံ့မည်

ထိုင်းအစိုးရက အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်ပေးမည့်အစီအစဉ်ကို ခေတ္တဆိုင်းငံ့လိုက်ကြောင်း အလုပ်သမားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၂၃ ရက်တွင်ပြောသည်။

အစိုးရက အနိမ့်ဆုံးလုပ်ခလစာကို တစ်ရက်လျှင် ဘတ် ၄၀၀ အထိတိုးမြှင့်ပေးထားပြီး အောက်တိုဘာလ ၁ ရက်မှစ၍ ခံစားခွင့်ရရှိမည်ဖြစ်သော်လည်း ထိုကိစ္စနှင့်ပတ်သက်၍ လုပ်ဆောင်သောအစည်းအဝေးများ၌ အနည်းဆုံးလိုအပ်သည့်ထောက်ခံမှုမရသေးခြင်းကြောင့် ထိုအစီအစဉ်ကို သီတင်းပတ်နှစ်ပတ်ခန့်ဆိုင်းငံ့ကြောင်း တာဝန်ရှိသူကဆက်ပြောသည်။

ထိုင်းဝန်ကြီးချုပ်အသစ်သည် ၂၀၂၇ ခုနှစ်အရောက်တွင် အနိမ့်ဆုံးလုပ်ခလစာကို တစ်ရက်လျှင် ဘတ် ၇၀၀ အထိတိုးမြှင့်ပေးသွားမည်ဟု ကတိပေးထားသည်။

Ref: TST

### တောင်ကိုရီးယားက မြောက်ကိုရီးယားကို စစ်ရေးအရသတိပေး

တောင်ကိုရီးယားစစ်ဘက်က မြောက်ကိုရီးယားကို စက်တင်ဘာလ ၂၃ ရက်တွင် စစ်ရေးအရသတိပေးမှုလုပ်ဆောင်ကြောင်းသိရသည်။

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားဘက်သို့ အမှိုက်များပါဝင်သည့် မိုးပျံပူဖောင်းများ ဆက်လက်လွှတ်တင်ခြင်းအားဖြင့် သတ်မှတ်မျဉ်းကိုကျော်လာပါက ပြင်းပြင်းထန်ထန်တုံ့ပြန်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတိပေးသည်ဟု ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

မြောက်ကိုရီးယားက စက်တင်ဘာလ ၂၂ ရက်မှ ၂၃ ရက် နံနက်ပိုင်းအထိ အလားတူ မိုးပျံပူဖောင်းများစွာကို တောင်ကိုရီးယားဘက်သို့လွှတ်တင်ခြင်းကြောင့်လေကြောင်းခရီးစဉ်အချို့ရပ်ဆိုင်းလိုက်ရပြီးနောက် ယခုကဲ့သို့သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုမိုးပျံပူဖောင်းများသည် ပြည်သူများအပေါ် မထိခိုက်စေသမျှကာလပတ်လုံး အန္တရာယ်ရှိသည့်အရာအဖြစ်မှတ်ယူထားခြင်းမရှိကြောင်း တောင်ကိုရီးယားစစ်ဘက်ကပြောထားသည်။

Ref: RT

### ယူကရိန်းပဋိပက္ခ ၂၀၂၆ ခုနှစ်နောက်ပိုင်းအထိ ဆက်ဖြစ်နိုင်

ယူကရိန်းပဋိပက္ခသည် ၂၀၂၆ ခုနှစ်နောက်ပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ခန့်မှန်းထားသည်။

ဗြိတိန်အစိုးရအနေဖြင့် ထိုပဋိပက္ခဖြစ်ပွားနေသမျှကာလတစ်လျှောက်တွင် ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီအဖြစ် နှစ်စဉ် ပေါင် ၃ ဘီလီယံထောက်ပံ့ပေးသွားမည်ဟု ကတိပြုကြောင်း နိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာလ ၂၂ ရက်တွင်လုပ်ဆောင်သော လေဘာပါတီညီလာခံ၌ပြောသည်။

ထို့ပြင် ရုရှားနိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့ကြားဖြစ်ပွားနေသည့် ပဋိပက္ခသည် လာမည့်နှစ်များအတွင်း ပိုမိုပြင်းထန်လာမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။

အနောက်အုပ်စုမှနိုင်ငံများအနေဖြင့် ယူကရိန်းအား စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးနေသမျှ ပဋိပက္ခချုပ်ငြိမ်းမည်မဟုတ်ကြောင်း ရုရှားကသတိပေးထားသည်။

Ref: RT

### အီရန်ကျောက်မီးသွေးတွင်းပေါက်ကွဲမှု သေဆုံးသူ ၃၈ ဦးရှိလာ

အီရန်နိုင်ငံ တောင်ခိုရာဆန်ပြည်နယ်ရှိ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုတွင် သေဆုံးသူ ၃၈ ဦးအထိရှိလာကာ ၁၄ ဦးပိတ်မိနေဆဲဖြစ်ကြောင်း IRNA သတင်းဌာနက စက်တင်ဘာလ ၂၃ ရက်တွင် ဖော်ပြထားသည်။

အဆိုပါကျောက်မီးသွေးတွင်းပေါက်ကွဲမှုသည် စက်တင်ဘာလ ၂၁ ရက်ည၌ ဖြစ်ပွားခြင်းဖြစ်ပြီး အလုပ်သမား ၄၇ ဦးပိတ်မိနေသည့်နေရာမှ လူ ၃၀ သေဆုံးကာ ၁၇ ဦးဒဏ်ရာရရှိသည်။ အလားတူ ပိတ်မိနေသူ ၂၂ ဦးရှိသည့်နေရာမှ ရှစ်ဦးသေဆုံးပြီး ၁၄ ဦးပိတ်မိနေဆဲဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသော်လည်း ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့များစွာရှိနေမှုက ကယ်ဆယ်ရေးလုပ်ငန်းကို နှောင့်နှေးစေခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

Ref: Xinhua

# ရေဘေးသင့်ပြည်သူများအား ကူညီရန်အတွက် ဂီတအနုပညာညီအစ်ကို မောင်နှမများအဖွဲ့မှ ရန်ပုံငွေရှာ

**ကျိုင်းတုံ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရေဘေးသင့်ပြည်သူများအား ကူညီရန်အတွက် စက်တင်ဘာလ ၂၂ ရက်တွင် ဂီတအနုပညာညီအစ်ကိုမောင်နှမများအဖွဲ့မှ ကျိုင်းတုံမြို့မဈေးကြီး၌ တေးသီချင်းများဖြင့် ကုသိုလ်ယူဖျော်ဖြေသီဆိုကာ ရန်ပုံငွေရှာဖွေကြသည်။

ထိုသို့တေးသီချင်းများဖြင့် ကုသိုလ်ယူဖျော်ဖြေသီဆိုရာတွင် ဂီတအနုပညာရှင် ညီအစ်ကိုမောင်နှမများက ကျိုင်းတုံမြို့မဈေးကြီး၌ သီဆိုဖျော်ဖြေခဲ့ကြပြီး အလှူရှင်များထံမှအလှူခံရရှိသည့် ရန်ပုံငွေများကို ကျိုင်းတုံမြို့နယ်အတွင်း၌ စက်တင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အစားအသောက်ထောက်ပံ့ရေးလုပ်ငန်းများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင်အသုံးပြုနိုင်ရန် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# တာကြနဲ့ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တာချီလိတ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားယောင်းကျေးရွာအုပ်စု တာကြနဲ့ခေတ်မီစံပြကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အမာလွင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သည့် တာကြနဲ့ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းတွင် လမ်းသားများပျက်စီးနေမှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တာကြနဲ့ခေတ်မီစံပြကျေးရွာ၌ ကျေးရွာအခြေခံအဆောက်အဦများ ဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့်ခေတ်မီစံပြကျေးရွာထူထောင်ရေး အဓိကလုပ်ငန်းစဉ် (၆)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းဆောင်ရွက်

**မိုင်းယန်း စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာမွေးဖွားနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။



ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံအမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျစာရင်းပြုစု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကိုဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**ထွန်းထွန်းထူး**

# ဗဟုသုတရရှိစေရေး စာဖတ်ဝိုင်းကျင်းပ

**မိုင်းယု စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Book Club နှင့် Youth Club အသင်းတို့ပူးပေါင်းပြီး စာရေးဆရာသန်းစိုးအောင် ရေးသားသည့် "နှလုံးသားပွဲတင်သံ" ကိုယ်တွေ့ဝတ္ထုများစာအုပ်ဖြင့် ဗဟုသုတရရှိရေးစာဖတ်ဝိုင်းကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် စုပေါင်းခန်းမ၌ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအားချာက လူငယ်များအနေဖြင့် စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိနိုင်စေရန်နှင့် စာဖတ်ခြင်းမှရရှိသည့် သုတ/ရသမှတ်စုများသည် အတွေးအမြင်သစ်များရရှိကြောင်း စသည့် စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်အတူ "နှလုံးသား ပွဲတင်သံ"ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် Youth Club အသင်းဝင် ဒေါ်ဆုမြတ်မော်က "အသိနှင့်ဆန္ဒ အားပြိုင်ရာဝယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နန်းကောင်ကျောက်က "ဘဝရဲ့အလိုအပ်ဆုံးအရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်အား ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

**ကိုကိုနိုင်**

# စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မိုင်းဖြတ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က မြို့နယ်အတွင်း စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ကျေးရွာများတွင်ဖွင့်လှစ်မည့် စာသင်ဝိုင်းများအတွက် နည်းပြဆရာ၊ ဆရာမများ စိစစ်ရွေးချယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ညွန့်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းတို့က နည်းပြများ၊ ဆရာ၊ ဆရာမများရွေးချယ်ထားရှိမှုအခြေအနေများ၊ စာသင်သားဦးရေအလိုက် စာသင်ဝိုင်းဖွင့်လှစ်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မိုင်းဖြတ်မြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်းကို အောက်တိုဘာလ ၁၄ ရက်မှစ၍ ရက်ပေါင်း ၉၀ ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ကျေးရွာ ၁၂ ရွာ၌ စာသင်ဝိုင်း ၂၀ တွင် စာသင်သား ၂၅၁ ဦးတို့ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

# အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများ အဆင်ပြေချောမွေ့စွာ ထုတ်ပေးလျက်ရှိ

**မိုင်းယန်း စက်တင်ဘာ ၂၃**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများအား စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

မိုင်းယန်းမြို့နယ်အတွင်း၌ အငြိမ်းစားဝန်ထမ်းအဖြစ် ပင်စင်လစာငွေရရှိသူ စုစုပေါင်း ၄၈ ဦးရှိပြီး ပင်စင်လစာငွေများထုတ်ပေးခြင်းများကို ဘဏ်ဖွင့်ရက်များ၊ ဘဏ်လုပ်ငန်းဆောင်ရွက်ချိန်များအတွင်း၌ တာဝန်ရှိဘဏ်ဝန်ထမ်းများက အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထူး**

**လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ် (၁၄) ထုတ်ဝေ




နေပြည်တော် စက်တင်ဘာ ၂၃

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့်ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ်(၁၄)စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်း ၃၈ ခုကို မြန်မာဘာသာသို့ ပြန်ဆိုပြီး စာအုပ်အမှတ် (၁) မှ (၁၃) အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ်(၁၄)တွင် အာနန်ထိမ်းမြားခြင်းအက်ဥပဒေ (The Anand Marriage Act)၊ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act)၊ ဟိန္ဒူဘာသာဝင်များ၏ ပစ္စည်းစီမံခန့်ခွဲခြင်းအက်ဥပဒေ (The Hindu Disposition of Property Act)၊ ဟိန္ဒူအမွေဆက်ခံခြင်း (မစွမ်းဆောင်နိုင်မှုကြောင့် အမွေဆက်ခံခွင့်မရှိခြင်းကို ဖယ်ရှားရေး) အက်ဥပဒေ(The Hindu Inheritance (Removal of Disabilities) Act)၊ ဟိန္ဒူဘာသာဝင်များ၏ အမွေဆက်ခံခြင်းဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေ (The Hindu Law of Inheritance Amendment Act)၊ ဟိန္ဒူများ ပညာလေ့လာသင်ယူခြင်းမှ အကျိုးအမြတ်ဆိုင်ရာ အက်ဥပဒေ (The Hindu Gains of Learning Act)၊ မွတ်စလင်ဝါကပ်ဖ် အက်ဥပဒေ (The Mussalman Wakf Act)၊ မွတ်စလင်ဝါကပ်ဖ်တရားဝင်ခြင်းအက်ဥပဒေ (The Mussalman Wakf Validating Act)၊ ကာဇစ်အက်ဥပဒေ (The Kazis Act) တို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး အဆိုပါမြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဘာသာပြန်ဆိုပြီးသည့် အက်ဥပဒေ ၉ ခုကိုစုစည်း၍ ဥပဒေဘာသာပြန်စာအုပ်အမှတ်(၁၄)အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး မြန်မာဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှုလေ့လာနိုင်ရန် မူလအင်္ဂလိပ်စာမူကိုလည်း ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသည့် ဥပဒေဘာသာပြန်စာအုပ်အမှတ်(၁၄)သည် တရားဝင်ကိုးကားသုံးစွဲနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၅/၂၀၂၄)သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၅/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတိုးချဲ့ရုံးအဆောက်အဦ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကို ကျင်းပမည့်ရွေးကောက်ပွဲတွင်အသုံးပြုရန် စီစဉ်ဆောင်ရွက်ရခြင်းမှာ မဲမသမာမှုများမဖြစ်ပွားစေရေးအဓိကဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားရခြင်းကို လေ့လာသုံးသပ်ပါက မဲစာရင်းများဖောင်းပွခြင်း၊ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် ဥပဒေနှင့်မညီသော မဲပေးခြင်း စသည့်အချက် ၃ ချက်ကို တွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် တွေ့ရှိချက်များကို လေ့လာသုံးသပ်ပြီး မဲမသမာမှုမဖြစ်စေရန် မဲပေးသည့်စနစ်များကို MEVM စက်အပါအဝင် ကွန်ပျူတာ Software များဖြင့် ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် ဥပဒေနှင့်မညီညွတ်သော မဲပေးမှုများမဖြစ်ပွားစေရေးအတွက် အားနည်းခဲ့သည့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်စောဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၁ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကို စက်တင်ဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(၅၀၀)

# အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲကျင်းပ




ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ်ကေတုမတီခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်၊ အဖွဲ့ဝင်ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၂ ဦး စုစုပေါင်း ၄၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၄-၉-၂၀၂၄(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှုပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

## စက်တင်ဘာလ၏မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | လပွတ္တာ | ၂၃-၉-၂၀၂၄ | ၁၂၁ | ၄.၇၆ | ၂၃-၉-၂၀၂၁ | ၁၁၆ | ၄.၅၇ | ၁၁ |

(မိုး/ဇလ)

## စက်တင်ဘာလ၏အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | မြစ်ကြီးနား | ၂၂-၉-၂၀၂၄ | ၃၈.၆ | ၁၀၁.၅ | ၂၀-၉-၂၀၂၄ | ၃၈.၄ | ၁၀၁.၁ | ၅၈ |

(မိုး/ဇလ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် China Arts and Crafts Association မှ မြန်မာနိုင်ငံအတွင်း ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် တရုတ်ယွမ် ၇၀၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျီးနီကန် ဆည်ရေသောက်စနစ်ပြုပြင်နေမှု ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုအရှိန်ကြောင့် ကျီးနီကန်ဆည်ရေသောက်စနစ် ရေပေးတူးမြောင်းအချို့ ရေတိုက်စားသဖြင့် ဖြစ်ပေါ်လာသည့်ပျက်စီးမှုများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ တမံနှင့် ရေတံခါးကြွခိုင်မှု၊ အရန်ရေပိုလွှဲနေရာအား ယာယီဆောင်ရွက်ထားရှိမှုနှင့် ရေလှောင်ကန်အတွင်း သဲနုန်းပို့ချမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ထိခိုက်ပျက်စီးခဲ့သည့်တူးမြောင်းအပိုင်းများကို မိုးစပါးစိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်၊ နွေစပါးနှင့် နွေသီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေပိုမိုသိုလှောင်နိုင်ရေး စီမံထားရှိရန်၊ စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်နည်းပါးစွာ ရေထိန်းညှိ၍ စနစ်တကျ စီမံခန့်ခွဲရန်၊ ရေလှောင်ကန်အထက်ပိုင်းရှိ နုန်းတားနှစ်ခုကို ပြန်လည်စစ်ဆေးရန်၊ ရေလှောင်ကန်အတွင်း သဲနုန်းတူးဖော်နိုင်ရေး တွက်ချက်တင်ပြရန် ဆွေးနွေးမှာကြားသည်။

ရာဂိမုန်တိုင်းဖြစ်စဉ်ကြောင့် စက်တင်ဘာလ ဒုတိယပတ်တွင် ကျီးနီကန်သို့ဝင်ရေ ၂၆၀၀၀ ကေပေခန့် ရုတ်တရက်ဝင်ရောက်ခဲ့သော်လည်း ကန်သိုလှောင်နိုင်သည့် ပမာဏထက် ပိုလျှံရေများကို ပင်မရေပိုလွှဲ၊ ရေတံခါးတပ်သဲထုတ်ရေတံခါးနှင့်အရန်ရေပိုလွှဲတို့မှ ကေပေ ၁၈၇၀၀ ခန့် ပုံမှန်အတိုင်း စီးဆင်းစေနိုင်ရေးကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အချိန်မီ စီမံဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်းရှိ ငါးမွေးကန်အချို့၊ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သဖြင့် ရေနုတ်မြောင်းပြန်လည်တူးဖော်နေမှုနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နေပြည်တော်အတွင်း အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဆင်းဆည်ရေသောက်စနစ် ရေပေးတူးမြောင်းအချို့ ရေတိုက်စားမှုဖြစ်ပေါ်သဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ ရေကြီးရေလျှံမှုများကြောင့် နစ်မြုပ်ပျက်စီးခဲ့သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများပြင်ဆင်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးအေးကျော် ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနမှ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ လည်ပတ်ဆောင်ရွက်နေမှု၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ ရေကြီးရေလျှံမှုများကြောင့် ဓာတ်အားခွဲရုံများသို့ရေဝင်ရောက်ခဲ့မှု၊ ထရန်စဖော်မာနှင့် ဓာတ်အားလွှတ်ပစ္စည်းများရေနစ်မြုပ်ခဲ့မှု၊ ဓာတ်အားလိုင်းများယိုင်လဲပျက်စီးခဲ့မှုနှင့် ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ယာယီဓာတ်အားဖြတ်တောက်ထားရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



စက်တင်ဘာလ ၂၁ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိတီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံသုံးနှင့် ဝန်ထမ်းအိမ်ရာသုံးရေရယူသည့်ဘီလူးချောင်းရေပန့်ရုံအဆောက်အအုံ ရေနစ်မြုပ်သဖြင့် စက်ရုံအရေးပေါ်ရပ်တန့်ထားရမှုနှင့် ရေနစ်မြုပ်ခဲ့သည့် လျှပ်စစ်ပစ္စည်းများ၊ ရေစုပ်၊ ရေတွန်းမော်တာများနှင့် ထရန်စဖော်မာများကိုဆယ်တင်၍ အလုပ်ရုံ၌ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံ၏ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် ဘီလူးချောင်းရေပန့်ရုံအဆောက်အအုံ၌ ရေစုပ်ထုတ်ခြင်း၊ နုန်းများဖယ်ထုတ်ခြင်း ဆောင်ရွက်နေမှုနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်လျက်ရှိသည့် မိုင်းတွင်း မြေသားနံရံများပြိုကျမှုဖြစ်ပေါ်ကာ တူးဖော်ပြီး ကျောက်မီးသွေးများပေါ်သို့ မြေကြီးများ ဖုံးအုပ်ခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရေနစ်မြုပ်ခဲ့သည့်မီတာများကို စနစ်တကျပြန်လည်ဖြုတ်သိမ်း၍ စာရင်းရေးသွင်းမှတ်တမ်းထားရှိပြီး လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနသို့ အမြန်ဆုံးပေးပို့စစ်ဆေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး ဓာတ်အားသုံးစွဲသူပြည်သူများက ငွေကောက်ကောင်တာသို့ ဓာတ်အားခများလာရောက်ပေးဆောင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းလေးဒေသရှိကျေးရွာများတွင်တပ်ဆင်တည်ဆောက်ထားသည့် ဓာတ်အားလိုင်း၊ ဓာတ်အားလွှတ်ပစ္စည်းများ၊ စီတီမီတာများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ရေနစ်မြုပ်နေမှုအခြေအနေကိုလည်းကောင်း၊ အင်းလေးကန်ရေမြင့်တက်လာမှုကြောင့် အင်းလေးဒေသရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၆၆ ကေဗွီ ခေါင်တိုင်ဓာတ်အားခွဲရုံ၏ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ရေများဝင်ရောက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ယာယီဓာတ်အားဖြတ်တောက်ထားရှိမှုနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ဖြုတ်ယူစစ်ဆေးထားမှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် (၂၂)ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

ပဲခူး စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၂၂)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းကို ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုများအား လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းအပြင် လူနာစောင့်များအတွက် နေ့စဉ်ထမင်းနှင့်ဟင်းအား အထူးသက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)



# မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက မြိတ်လေတပ်စခန်းဌာနချုပ်၊ ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကျချောင်းရေမြင့်တက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နမ့်လပ်ချောင်းကူးတံတားအား ပြန်လည်တည်ဆောက်ပြီးဖြစ်၍ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် စက်တင်ဘာလ ၁၀ ရက် နံနက် ၂ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်လပ်ချောင်း တောင်ကျရေများမြင့်တက်လာပြီး ကျိုင်းတုံ-လွိုင်မွေ ကားလမ်းပေါ်ရှိ အရှည် ၆၀ ပေ၊ အကျယ် ၁၉ ပေရှိ နမ့်လပ်ချောင်းကူးသံကူကွန်ကရစ်တံတားသည် စက်တင်ဘာလ ၁၀ ရက် နံနက် ၇ နာရီခွဲခန့်တွင် ပြိုကျပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိဘဲ မော်တော်ယာဉ်များဖြတ်သန်းသွားလာနိုင်မှုမရှိခဲ့ကြောင်း သိရှိရသည်။



နမ့်လပ်ချောင်းကူးတံတား ပြိုကျပျက်စီးခဲ့မှုကိုတွေ့ရစဉ်။

အဆိုပါ ပျက်စီးသွားသော နမ့်လပ်ချောင်းကူးတံတားနေရာတွင် သံပေါင်ဘေလီတံတား အစားထိုးတည်ဆောက်နိုင်ရေး ခရိုင်လမ်းဦးစီးဌာနမှ အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁၈ ရက် နေ့လယ်ပိုင်းတွင် အရွယ်အစား အရှည် ၈၀ ပေ၊ အကျယ် ၁၂ ဒသမ ၈ ပေ၊ ခံနိုင်ဝန် ၁၃ တန်ရှိသည့် သံပေါင်ဘေလီတံတားကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ယာဉ်ကြီး/ယာဉ်ငယ်များဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



နမ့်လပ်ချောင်းကူးတံတား ပြန်လည်တည်ဆောက်ပြီးစီး၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကိုတွေ့ရစဉ်။

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို မျိုးခိုင်နှင့် မျိုးမင်းခန့်တို့က သွင်းယူပေးနိုင်ခဲ့ကာ ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းအတွက်သွင်းဂိုးကို ကောင်းမြတ်အောင်က သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းမှ မျိုးခိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် စလင်းအားကစားကွင်း၌ ISPE ယူ-၂၀ အသင်းနှင့် ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ISPE ယူ-၂၀ အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE ယူ-၂၀ အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သိန်းလွှာအောင်က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ISPE ယူ-၂၀ အသင်းမှ ရာဇာမိုးကဆွတ်ခူးခဲ့ကြောင်း သိရသည်။

စည်သူအောင်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် လယ်ဝေးမြို့နယ် သစ်ခေါက်ခွကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း လယ်ဝေးမြို့နယ် သစ်ခေါက်ခွကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် တာဝန်ရှိသူတစ်ဦးအား လွိုင်ကော်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နယ်မြေခံ ဆေးကုသရေးအဖွဲ့က လွိုင်ကော်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

❑ ကျောဖုံးမှအဆက်

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နှင့် လွိုင်လင်လေးမြို့နယ်တို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်၊ သစ်ခေါက်ခွကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ စားသောက်ဖွယ်ရာများနှင့်တစ်အိမ်ထောင်လျှင် တစ်သောင်းကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် သစ်ခေါက်ခွကျေးရွာ၊ သုခါရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာနအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် စက်တင်ဘာလ ၁၉ ရက်ကလည်း အဆိုပါရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လွိုင်ကော်မြို့တွင် ဘီလူးချောင်းရေမြင့်တက်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသောကြောင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရေကြီးမှုဖြစ်ပေါ်ခဲ့သည့်မြို့နယ်များတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့်တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများ ဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့် ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် တပ်မတော်စာစဉ် တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်သင့်သည့်အချက်များ။** အောက်ပါ အကြောင်းအရာများအားအခြေခံ၍ ရေးသားဖော်ပြရမည်-

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်း တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာ မဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူ သမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာ ကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ် တော်လှန်ရေးကာလများတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲ ဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက် သွေးချွေးများစွာပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင်အရေးကြုံအခက်အခဲပေါ်ပေါက်လာ တိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များ ကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့မှု များ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီး ဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုး တိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင် အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကို ဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွ ဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သား တို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ်ကြာမြင့်ချိန် ၃ မိနစ် ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ် အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ (ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်း တစ်ကြောင်းသည် တစ်ပါဒ ဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်း အဆင့်) နှစ်မျိုးလုံးတွင် တစ်ပြိုင်နက်ဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူ ဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေ စာပေဆု(ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်း အမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက် ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(င) မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင် အဆင့်)၊ (အလွတ်တန်းအဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(စ) ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲ များတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိသူများအနေဖြင့် (အလွတ်တန်း အဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာ တစ်ဖက်တည်း၌သာ ကွန်ပျူတာစာလုံး Pyidaungsu Font(စာလုံး အရွယ်အစား ၁၃)ဖြင့် ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီ ပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့် စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲ တွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူ ဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံး ထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်း CD များ မပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိ ခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက် အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၉။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀,၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။


(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ဖမ်းဆီးရမိမှု။


အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၂၀ ရက်**တွင်မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၌ တရားမဝင် အခြားသစ် (သုည ဒသမ ၅၁၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၃၇)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၂၄၃၇)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၀ ရက်**တွင်မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၈၅၃၁၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၄၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၂၁၉၉၃၉)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၂၂ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုးနှင့်လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၂၀၀၅၄၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၂ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စက်တင်ဘာလ ၂၃ ရက်**တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၃ ဒသမ ၆၀၁)တန်၊ သစ်မာ(သုည ဒသမ ၁၀၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၄၁၇၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၁၇၂၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၂၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Canter Truck မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၇၇၂၉၄၀၆)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

## တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများသွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့်ဖမ်းဆီးအရေးယူမည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ လာရောက်လှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အကြောင်းကြားရန် အမိန့်ပေးညွှန်ကြားကြောင်းနှင့် စစ်ရေးတင်းမာနေသော ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများသွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူမည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တောင်ငူမြို့နယ်မှလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားရှိရာမှ အစာအဆိပ်သင့်ဖြစ်ပွားစေသောရောဂါပိုးများ ပေါက်ပွားရှင်သန်ကာ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နေမှုများကြောင့် အလှူရှင်များမှ လာရောက်လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှ တစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် အလှူရှင်များသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ တိုက်တွန်းနှိုးဆော်ပန်ကြားထားရှိပြီးဖြစ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ စစ်ဆေးဆောင်ရွက်ခြင်းသာရှိပြီး တားဆီးပိတ်ပင်မှုများလည်းမရှိကြောင်း သိရှိရသည်။

ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလူမှုကူညီရေးအသင်းအဖွဲ့များနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတာဝန်ရှိသူများအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊
E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ဘဏ်ကိုသွားစရာမလို
မိုဘိုင်းမန်းနီးဖြင့်
ပင်စင်ထုတ်လို့ရပြီ။
Myanmar
MOBILE MONEY
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- (ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
- (ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား" ဖြစ်ပြီး လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား"လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘီလူးချောင်းရေမြင့်တက်သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်သည့်နေရာများတွင် ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေရန် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သဲအိတ်များချထားပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ စာမျက်နှာ ၂၇ ကော်လံ ၁ ❏

## တောင်ကျချောင်းရေမြင့်တက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နမ့်လပ်ချောင်းကူးတံတားအား ပြန်လည်တည်ဆောက်ပြီးဖြစ်၍ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်

စာ - ၂၆ သို့

## ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအား စက်တင်ဘာလ ၂၅ ရက် ညနေ ၃ နာရီခွဲမှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Parliament တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## အထူးမိုးလေဝသသတင်း

နေပြည်တော် စက်တင်ဘာ ၂၃

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာလ ၂၃ ရက် ညနေ ၅ နာရီခွဲအချိန်ထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း စာမျက်နှာ ၁၁ ကော်လံ ၁ ⇨

